# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၅၃)၊ ၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်၊ ၂၁-၁-၂၀၂၅၊ အင်္ဂါနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

မျက်စိဖြင့်(အကုသိုလ် မဖြစ်အောင်) စောင့်စည်းခြင်းသည် ကောင်း၏။ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်သူတွေအနေနဲ့ ပြည်သူ့ဆေးရုံတွေမှာ တက်ရောက်ကုသမှုခံယူတဲ့အခါ စိတ်ချမ်းသာရေး၊ လူနာဘေးကင်းလုံခြုံစိတ်ချရေးနဲ့ အရည်အသွေးပြည့်ဝတဲ့ ကုသစောင့်ရှောက်မှုများပေးအပ်နိုင်ရေး လက်တွေ့အသုံးချသုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်

## (၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် ဂုဏ်ပြုဗီဒီယိုမိန့်ခွန်း

(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်)

အားလုံးမင်္ဂလာပါ။

ဒီနေ့ကျင်းပပြုလုပ်တဲ့ "(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ"ကို တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းတွေကို နိုင်ငံတကာနဲ့ ရင်ပေါင်တန်းဆောင်ရွက်နိုင်စေဖို့ ရည်ရွယ်ပြီး မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကို ကျင်းပလာခဲ့တာ ယခုအခါ (၅၃)ကြိမ်တိုင်ခဲ့ပြီ ဖြစ်ပါတယ်။

၁၉၆၅ ခုနှစ်မှာ ပထမအကြိမ် ညီလာခံကို စတင်ကျင်းပနိုင်ခဲ့ပါတယ်။ ညီလာခံ စတင်ကျင်းပခဲ့တဲ့နှစ်တွေမှာ သုတေသနစာတမ်းတွေကိုသာ တင်သွင်းဖတ်ကြားနိုင်ခဲ့ရာက ၁၉၉၁ ခုနှစ်မှာ ပြုလုပ်တဲ့ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကစပြီး သုတေသနပိုစတာပြပွဲကို ထည့်သွင်းနိုင်ခဲ့တာ တွေ့ရပါတယ်။

စာမျက်နှာ ၃ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် ဂုဏ်ပြုဗီဒီယိုမိန့်ခွန်းပြောကြားစဉ်။

**ကျန်းမာရေးဆိုင်ရာ သုတေသန ညီလာခံတွေကနေ ပေါ်ထွက်လာတဲ့ ခိုင်မာတိကျတဲ့ရလဒ်အခြေပြု သုတေသနတွေ့ရှိချက်တွေဟာ နိုင်ငံအတွက် ခေတ်နဲ့အညီ သင့်တော်တဲ့ ကျန်းမာရေးဆိုင်ရာမူဝါဒတွေ ချမှတ်နိုင်ဖို့ ကျန်းမာရေးလုပ်ငန်းတွေ ပိုမိုထိရောက် အကျိုးရှိအောင် ဆောင်ရွက်နိုင်စေဖို့၊ လူတိုင်းလက်လှမ်းမီတဲ့ အရည်အသွေးပြည့် ကျန်းမာရေးစောင့်ရှောက်မှုရရှိစေဖို့ စတဲ့လုပ်ငန်းစဉ်ကြီးတွေ ဖော်ဆောင်ရာမှာ များစွာ အထောက်အကူဖြစ်စေမှာဖြစ်**

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဇန်နဝါရီ ၂၀

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ်ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂၁ ရက်၊ အင်္ဂါနေ့ ။

မန္တလေး နေ့စဉ်

## စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိ

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအင်ကဏ္ဍသည် အရေးကြီးသောကဏ္ဍတစ်ခုဖြစ်သည်။ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်(သန်လျင်)တို့မှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ရေနံချောင်းတက္ကသိုလ် ဘူမိဗေဒဌာနမှ ပါမောက္ခဌာနမှူးနှင့် ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ စွမ်းအင်ဝန်ကြီးဌာနမှ အငြိမ်းစားအရာရှိကြီးများ၊ စွမ်းအင်ဆိုင်ရာအဖွဲ့အစည်း၊ ကုမ္ပဏီများမှ ပညာရှင်များအား ဇန်နဝါရီ ၁၈ရက်တွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအောက်မြန်မာပြည်ရုံးခွဲ (စိမ်းလဲ့မေ)၌ တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးဆုံးဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က တွေ့ဆုံဆွေးနွေးရာတွင် ဝန်ကြီးဌာနအနေဖြင့် ယခုနှစ်အတွင်း 2025, The Year of Myanmar Energy ဆောင်ပုဒ်နှင့်အညီ စွမ်းအင်ကဏ္ဍခေတ်တစ်ခေတ်ဆန်းသစ်စေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မျိုးဆက်သစ်ဘူမိဗေဒပညာရှင်များ၊ ရေနံအင်ဂျင်နီယာများအပါအဝင် စက်မှု၊ ဓာတုအင်ဂျင်နီယာများ၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးအတွက် Stakeholder များက ဝိုင်းဝန်းပံ့ပိုးအားပေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဘာသာရပ်အလိုက် ကျောင်းသူ၊ ကျောင်းသားများအား Scholarship ပေးနိုင်ရေးစီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနပူးပေါင်း၍ ရေနံချောင်းတက္ကသိုလ်၌ ရေနံဘူမိဗေဒဘာသာရပ်ကို လေးနှစ်ဘွဲ့သင်တန်းအဖြစ် ၂၀၂၅ ခုနှစ် ပညာသင်နှစ်မှစတင်၍ ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဘာသာရပ်အလိုက် ဘွဲ့များရရှိပြီးချိန်တွင် မိမိတို့ဝန်ကြီးဌာန၌ တာဝန်ထမ်းဆောင်လိုပါက လက်ခံခန့်ထားပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆွေးနွေးပွဲတွင် တက်ရောက်လာကြသူများက ဘူမိဗေဒဘာသာရပ်၊ ရေနံအင်ဂျင်နီယာဘာသာရပ်၊ ဓာတုအင်ဂျင်နီယာဘာသာရပ်နှင့် စက်မှုအင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ သင်ကြားမှုအခြေအနေ၊ လိုအပ်ချက်များနှင့် ပံ့ပိုးဆောင်ရွက်ပေးရမည့် လိုအပ်ချက်များကိုလည်းကောင်း၊ လုပ်ငန်းခွင်အတွေ့အကြုံများနှင့် ဗဟုသုတများအပေါ် အခြေခံကာ ပိုမိုကောင်းမွန်သော သင်ကြားရေးစနစ်ဖြစ်စေရေး အကြံပြုချက်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ပြင်ဦးလွင်ရှိ စွမ်းအင်ဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းကျောင်းဖွင့်လှစ်ပြီးပါက တက္ကသိုလ်များမှ ဆရာ၊ ဆရာမများကို Training For Trainer အစီအစဉ်များ ဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း။ Stakeholder များပါဝင်သည့် ကော်မတီတစ်ရပ် ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး အရေးအကြီးဆုံးဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သက်ဆိုင်ရာဌာနများက မိမိတို့ကျရာအခန်းကဏ္ဍတွင် အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## သမိုင်းဝင်ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး၏ တပို့တွဲ(နှမ်းမနဲ) ပွဲတော်ကျင်းပမည်



**မြစ်သား ဇန်နဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် သမိုင်းဝင်ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး၏ ၁၃၈၆ ခုနှစ်၊ (၁၃၄)ကြိမ်မြောက် တပို့တွဲ (နှမ်းမနဲ)ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးဘိုဘိုအောင်က တပို့တွဲ(နှမ်းမနဲ)ပွဲတော်အတွက် ဆောင်ရွက်ရမည့်အစီအစဉ်များကို ပြောကြားပြီး မြို့နယ်ဘောလုံးအဖွဲ့ချုပ် ဦးတင့်လွင်ဦးက ဘောလုံးပြိုင်ပွဲအတွက် အစီအစဉ်များကို ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ ရွှေမုဋ္ဌောဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကံညွန့်က ပွဲတော်ကာလအတွင်း ဓမ္မစကြာအသင်းများ ရွတ်ဖတ်ခြင်း၊ ပျော်ပွဲရှင်ပွဲများနှင့် အားကစားပြိုင်ပွဲများ ပြုလုပ်ပြီး ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သမိုင်းဝင်ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး တပို့တွဲ(နှမ်းမနဲ)ပွဲတော်တွင် ဆရာတော် သံဃာတော်များအား ယာဂု(နှမ်းမနဲ) ဆွမ်းဆက်ကပ် လှူဒါန်းခြင်း၊ ဓမ္မစကြာအသင်းများက တပို့တွဲလဆန်း ၁ ရက်မှ ၁၅ ရက်အထိ ၁၅ ရက်တိုင်တိုင် ညစဉ်ရွတ်ဖတ်ပူဇော်ခြင်း၊ တပို့တွဲလဆန်း ၁၄ ရက်နှင့် ၁၅ရက်တို့တွင် သားစွမ်းအနှ ပညာဇာတ်သဘင်မှ ကပြဖျော်ဖြေခြင်း၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဘောလုံးပြိုင်ပွဲ၊ ဝိုင်းခြင်း၊ ခြင်းအလှခတ်ပြပွဲ၊ ချောတိုင်တက်ပြိုင်ပွဲစသည့်များကို နေ့ရက်အလိုက် ဧည့်ခံဖျော်ဖြေတင်ဆက်ပေးခြင်းနှင့် တပို့တွဲလပြည့်ညတွင် သမိုင်းဝင်ရွှေမုဋ္ဌော စေတီတော်မြတ်ကြီးအား ဆီမီး ၁၀၀၀ ဆက်ကပ်ပူဇော် လှူဒါန်းပေးသွားမည်ဖြစ်သည်။

တပို့တွဲ(နှမ်းမနဲ)ပွဲတော်အတွက် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအစည်းအဝေးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁)ဗိုလ်မှူးဘိုဘိုအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးဝင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးအောင်မင်းကျော်၊ မြို့နယ်ဘောလုံးအဖွဲ့ချုပ်မှ ဦးတင့်လွင်ဦး၊ ရွှေမုဋ္ဌောဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကံညွန့်၊ မြို့ပေါ်(၆)ရပ်ကွက်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ဝါဝါမြင့် (မြစ်သား)

၀-၀-၀-၀-၀

## အောင်မြင်ဖြစ်ထွန်းနေသည့် စံပြနေကြာစိုက်ခင်းအား ကြည့်ရှု

**ကျောက်ဆည် ဇန်နဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ဦးအောင်ဝင်းနှင့် တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းက ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် ရှားပင်ကျေးရွာ လယ်ယာမြေနှင့် အထွေထွေသမဝါယမ အသင်းလီမိတက်မှ အသင်းသားတောင်သူဦးနေဝင်း စိုက်ပျိုးထားသောအောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ရေဆင်းစပ်မျိုး(၁)ဆောင်းနေကြာ စံပြစိုက်ခင်းအား ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါစံပြစိုက်ကွင်းသည် ဒွေးလှကျေးရွာ ကွင်းအမှတ်(၃၃၇)၊ ဦးပိုင်အမှတ်(၁၄၅)တွင် စိုက်ပျိုးထားရှိပြီး အကျယ် ၂ဧကရှိကြောင်းနှင့် မြို့နယ်သမဝါယမဦးစီးဌာနမှ နေကြာမျိုးစေ့နှင့် သွင်းအားစုများ ပံ့ပိုးပေးထားကြောင်း၊ စိုက်ပျိုးရာတွင် တစ်ဧကသတ်မှတ်အပင် ဦးရေ ၂၉၀၀၀ပင် ဝင်ဆံ့စေရန် ပင်ကြား၊ တန်းကြား ၉ လက်မကျော် စိုက်ပျိုးထားရှိပြီး အပင်ငယ်ချိန်တွင် သားခွဲခြင်း၊ ပေါင်းမြက်ရှင်းလင်းခြင်း၊ မြေဆွခြင်း၊ လိုအပ်သည့် မြေဆီများ ကျွေးခြင်း၊ ရှုရှားသဘာဝရွက်ဖျန်းမြေဩဇာများ အသုံးပြုစိုက်ပျိုးထားသည်။



ကျောက်ဆည်မြို့နယ်အနေဖြင့် ဒေသတွင်းစားသုံးဆီဖူလုံပိုလျှံရေး ဒွေးလှကျေးရွာလယ်ယာမြေနှင့် အထွေထွေသမဝါယမ အသင်းလီမိတက် အသင်းသားတောင်သူ ၆၆ ဦးတို့မှ ရေဆင်းစပ်မျိုး(၁)ဆောင်းနေကြာမျိုး ၂၀၂ ဧက စိုက်ပျိုးထားရှိကြောင်းနှင့် တောင်သူများ စိုက်ပျိုးစရိတ်သက်သာရေး မြို့နယ်သမဝါယမဦးစီးဌာနမှ ငွေကျပ် ၂သိန်းနှင့် ညီမျှသော နေကြာမျိုးစေ့များ သွင်းအားစုများ ပံ့ပိုးပေးထားကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၅)

၀-၀-၀-၀-၀

## ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၅၂၅ ဧက စိုက်ပျိုးပြီးစီး

**ရမည်းသင်း ဇန်နဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၅၂၅ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

အဆိုပါ မြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်းသီးနှံတွင် တစ်ခုအပါအဝင်ဖြစ်သည့် ကြက်သွန်နီစိုက်ဧက ၁၅၀၀ ကိုလျာထားခဲ့ပြီး အောက်တိုဘာလမှစ၍ စိုက်ပျိုးခဲ့ရာ ယနေ့ အချိန်ထိ ကြက်သွန်နီစိုက်ပျိုးဧကသည် ၁၅၂၅ ဧက စိုက်ပျိုးပြီးစီးနေ ပြီဖြစ်ကြောင်း၊ ကြက်သွန်နီကို လျာထားချက်ထက်ပို၍ စိုက်ပျိုးနိုင်ခဲ့သည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်တဲ့ကာလမှာ စားဖိုဆောင်းသီးနှံ တစ်ခုဖြစ်တဲ့ ကြက်သွန်နီလျာထား ဧက ၁၅၀၀ထက်ကို စိုက်ပျိုးဆောင်ရွက်နိုင်ခဲ့ပါတယ်။ လက်ရှိမှာတော့ ကြက်သွန်နီစိုက်ပျိုးပြီးဧကဟာ ၁၅၂၅ ဧက စိုက်ပြီးနေပါပြီ။ ဆောင်းမှာတော့ စားဖိုဆောင်းသီးနှံအနေနဲ့ ကြက်သွန် တစ်မျိုးတည်းကိုပဲ စိုက်ပျိုးပါတယ်။ ကျန်တဲ့သီးနှံတွေ စိုက်ပျိုးတာမပါသေးပါဘူး။ စားဖိုဆောင်းသီးနှံတွေ စိုက်ပျိုးတဲ့အတွက် မိသားစုဝင်ငွေတိုးလာမယ့်အပြင် အခြားဒေသကနေလည်း သီးနှံတွေတင်သွင်းရောင်းချစရာ မလိုတော့မှာဖြစ်ပါတယ်။ စိုက်ပျိုးထားတဲ့ အသီးအနှံတွေကလည်း ပိုးမွှားအန္တရာယ်ကင်းရှင်းပါတယ်"ဟု ၄င်းရှင်းပြသည်။

အဆိုပါ စားဖိုဆောင်းသီးနှံ ကြက်သွန်နီကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ထိုသို့ စိုက်ပျိုးထားသည့်အတွက် ဒေသထွက် ကုန်သီးနှံများကိုသာ ရောင်းချနိုင်ပြီး မိသားစုဝင်ငွေများ တိုးပွားစေကာ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေမည်ဖြစ်ကြောင်း၊ ယင်းမြို့နယ်တွင် ယခုနှစ် စားဖိုဆောင်းသီးနှံစိုက်ပျိုးရာ၌ မရှိမဖြစ် အသုံးဝင်သည့် သီးနှံဖြစ်သော ကြက်သွန်နီကို စိုက်ပျိုးကြကြောင်း သိရသည်။

(၀၇၃)

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအစမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက် )

# သုတေသနတွေကတွေ့ရှိရတဲ့ အချက်အလက်များကိုလည်း ယခုလို ညီလာခံများကျင်းပခြင်း၊ သုတေသနဂျာနယ်များ၊ စာစောင်များထုတ်ဝေခြင်း စတဲ့ပြည်သူတွေကို အချိန်နဲ့တစ်ပြေးညီ အသိပေးခြင်း၊ သတိပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေး

✰ ရှေ့ဖုံးမှ

၂၀၀၂ ခုနှစ် ညီလာခံကစတင်ပြီး ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ဆွေးနွေးပွဲတွေကိုပါ ထည့်သွင်းပြီး ပိုမိုအကျိုးရှိထိရောက်အောင် ကျယ်ကျယ်ပြန့်ပြန့် ကျင်းပလာခဲ့ကြောင်း သိရှိရပါတယ်။

ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံတွေကနေ ပေါ်ထွက်လာတဲ့ ခိုင်မာတိကျတဲ့ရလဒ်အခြေပြု သုတေသနတွေ့ရှိချက်တွေဟာ နိုင်ငံအတွက် ခေတ်နဲ့အညီသင့်တော်တဲ့ ကျန်းမာရေးဆိုင်ရာ မူဝါဒတွေချမှတ်နိုင်ဖို့ ကျန်းမာရေးလုပ်ငန်းတွေ ပိုမိုထိရောက်အကျိုးရှိအောင် ဆောင်ရွက်နိုင်စေဖို့၊ လူတိုင်းလက်လှမ်းမီတဲ့ အရည်အသွေးပြည့် ကျန်းမာရေးစောင့်ရှောက်မှုရရှိစေဖို့ စတဲ့လုပ်ငန်းစဉ်ကြီးတွေ ဖော်ဆောင်ရာမှာ များစွာအထောက်အကူဖြစ်စေမှာ ဖြစ်ပါတယ်။

ယခု (၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံရဲ့ဆောင်ပုဒ် (Congress Theme)က **"ကျန်းမာသောဘဝပိုင်ဆိုင်ဖို့ ကျန်းမာရေးပြဿနာများ စဉ်ဆက်မပြတ် ဖော်ထုတ်ဖြေရှင်းကြပါစို့ – Moving forward to a healthy lifestyle and addressing health risk behaviors"** ဖြစ်တယ်လို့ သိရှိရပါတယ်။ လက်ရှိအခြေအနေမှာ မကူးစက်တတ်တဲ့ ရောဂါတွေရဲ့ အရေးကြီးလာပုံကို မီးမောင်းထိုးပြနိုင်ဖို့ ရည်ရွယ်ပြီး ညီလာခံဆောင်ပုဒ်ကို ရွေးချယ်ခဲ့တာလို့လည်း သိရပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ အခြားဝန်ကြီးဌာနအသီးသီးနဲ့ ပူးပေါင်းပြီး ကိုဗစ်–၁၉ ကပ်ရောဂါကျရောက်ချိန်မှာ ရောဂါကာကွယ် ထိန်းချုပ်ကုသရေးလုပ်ငန်းတွေကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရှိရပါတယ်။ ယခုအချိန်မှာ ထပ်မံဦးမော့လာနိုင်တဲ့ မကူးစက်တတ်တဲ့ရောဂါတွေကို ထိန်းချုပ်နိုင်ဖို့ရည်ရွယ်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)နဲ့ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနနဲ့ ဆေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းပြီးမြန်မာနိုင်ငံရှိမကူးစက်တတ်တဲ့ရောဂါတွေရဲ့ ဖြစ်ပွားနိုင်ခြေကို **"စစ်တမ်းကောက်လေ့လာခြင်းသုတေသန – ၂၀၂၄"** ကို **(STEP SURVEY)** နဲ့ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

အထူးသဖြင့် မိမိတို့ပြည်သူတွေ အခြေခံကျန်းမာရေးကောင်းမွန်ပြီး သက်ရှည်ကျန်းမာကြံ့ခိုင်ကြဖို့ လိုအပ်ပါတယ်။ အဲဒီလိုနေထိုင်နိုင်ဖို့အတွက် အာဟာရပြည့်ဝပြီး ကျန်းမာရေးနဲ့ညီညွတ်တဲ့

**○ ကျွန်တော်တို့နိုင်ငံမှာ အရာရာကို လေ့လာစူးစမ်းသုတေသနပြုလုပ်ပြီးမှ လုပ်ငန်းများကို ဆောင်ရွက်လိုတဲ့စိတ်နေစိတ်ထား၊ တစ်နည်းအားဖြင့် သုတေသနပြုလိုတဲ့စိတ်ရှိတဲ့ လူငယ်လူရွယ်တွေ၊ ပညာရှင်တွေ များစွာပေါ်ထွက်လာအောင် ဆောင်ရွက်ကြဖို့လိုအပ်ပါတယ်။ ဒီလိုမျိုးကျင့်ဝတ်နဲ့အညီ သုတေသနပြုလိုစိတ်ရှိတဲ့ပုဂ္ဂိုလ်တွေ မိမိတို့နိုင်ငံမှာ များစွာပေါ်ပေါက်လာပြီး သုတေသနဆိုင်ရာယဉ်ကျေးမှုတစ်ရပ်တစ်ခု တိုးတက်ဖြစ်ထွန်းရှင်သန်လာစေဖို့ ဆောင်ရွက်ရာမှာ သုတေသနဆိုင်ရာ အကြံပေးအဖွဲ့များကိုလည်း စနစ်တကျပြန်လည်ဖွဲ့စည်းခြင်း၊ သုတေသနကျင့်ဝတ်ဆိုင်ရာ ဘုတ်အဖွဲ့များကိုလည်း လိုအပ်သလို တိုးမြှင့်ဖွဲ့စည်းခြင်းတွေကိုလည်း ဆောင်ရွက်ရမှာဖြစ်**

အစားအစာတွေကို ရွေးချယ်စားသုံးနိုင်ရေး၊ ကျန်းမာရေးနဲ့ညီညွတ်အောင် နေထိုင်ပြုမူရေး စတာတွေနဲ့ပတ်သက်တဲ့ လက်တွေ့အသုံးချကျန်းမာရေးသုတေသနတွေကို တိုးမြှင့်ဆောင်ရွက်ပြီး တွေ့ရှိချက်တွေကို ပြည်သူတွေသိရှိစေရေး ကျယ်ကျယ်ပြန့်ပြန့်ထုတ်ပြန်ပြီး အသိပညာပေးရမှာဖြစ်ပါတယ်။

တိုင်းရင်းဆေးပညာနဲ့ပတ်သက်ပြီးတော့လည်း လက်တွေ့အသုံးချ သုတေသနတွေကတစ်ဆင့် ပြည်သူတွေ လက်တွေ့အကျိုးရှိစေရေးနဲ့ မိမိတို့နိုင်ငံရဲ့ တိုင်းရင်းဆေးပညာရပ်နဲ့ တိုင်းရင်းဆေးဝါးထုတ်ကုန်တွေ နိုင်ငံတကာကိုထိုးဖောက်နိုင်ဖို့အတွက် တိကျခိုင်မာတဲ့ သုတေသနပြုထားတဲ့ အချက်အလက်တွေ ပိုမိုရရှိဖို့အတွက်ကိုလည်း တိုင်းရင်းဆေးပညာရှင်ကြီးများနဲ့ တိုင်းရင်းဆေးပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

တိကျမှန်ကန်တဲ့ သုတေသနရလဒ်တွေအပေါ်မူတည်ပြီး ကျန်းမာရေးစီမံချက်တွေကို ချမှတ်ဆုံးဖြတ်ရခြင်းနဲ့ ရလဒ်အခြေပြု မူဝါဒများရေးဆွဲခြင်းတွေကို ဆောင်ရွက်ရတာဖြစ်ပါတယ်။ ဒါ့ကြောင့် သုတေသနတွေကိုဆောင်ရွက်နေကြတဲ့ သုတေသီများ ကိုယ်တိုင်ကလည်း မိမိတို့ရဲ့သုတေသနရလဒ်တွေရဲ့ အရေးပါပုံကို သေချာစွာသိရှိနားလည်ပြီး သုတေသနကျင့်ဝတ်တွေကို တိကျစွာလိုက်နာဆောင်ရွက်ဖို့ လိုအပ်တယ်ဆိုတာလည်း အမြဲမပြတ်သတိပြုရမှာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ အရာရာကို လေ့လာစူးစမ်းသုတေသနပြုလုပ်ပြီးမှ လုပ်ငန်းများကို ဆောင်ရွက်လိုတဲ့ စိတ်နေစိတ်ထား၊ တစ်နည်းအားဖြင့် သုတေသနပြုလိုတဲ့စိတ်ရှိတဲ့ လူငယ်လူရွယ်တွေ၊ ပညာရှင်တွေ များစွာပေါ်ထွက်လာအောင် ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ ဒီလိုမျိုးကျင့်ဝတ်နဲ့အညီ သုတေသနပြုလိုစိတ်ရှိတဲ့ ပုဂ္ဂိုလ်တွေ မိမိတို့နိုင်ငံမှာ များစွာပေါ်ပေါက်လာပြီး သုတေသနဆိုင်ရာ ယဉ်ကျေးမှုတစ်ရပ်တစ်ခု တိုးတက်ဖြစ်ထွန်းရှင်သန်လာစေဖို့ ဆောင်ရွက်ရာမှာ သုတေသနဆိုင်ရာ အကြံပေးအဖွဲ့များကိုလည်း စနစ်တကျပြန်လည်ဖွဲ့စည်းခြင်း၊ သုတေသနကျင့်ဝတ်ဆိုင်ရာ ဘုတ်အဖွဲ့များကိုလည်း လိုအပ်သလို တိုးမြှင့်ဖွဲ့စည်းခြင်းတွေကိုလည်း ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ယခုညီလာခံကြီးကိုပေးပို့လာတဲ့ သုတေသနစာတမ်းတွေကို ညီလာခံမှာ တင်သွင်းဖတ်ကြားနိုင်ဖို့ စာတမ်းကြီးကြပ်ရေးဆပ်ကော်မတီက အခြေခံသုတေသနစာတမ်း၊ အသုံးချသုတေသနစာတမ်း၊ လူမှုရေးနဲ့ ကျန်းမာရေးစနစ်သုတေသနစာတမ်းဆိုပြီး စနစ်တကျ အမျိုးအစားခွဲခြားသတ်မှတ်စိစစ်ရွေးချယ် ဆောင်ရွက်ထားကြောင်းနဲ့ သုတေသနစာတမ်း ၅၄ စောင်နဲ့ ပိုစတာ ၄၃ စောင်ကို ဖတ်ကြားပြသဖို့ စီစဉ်ဆောင်ရွက်ထားတာကို သိရှိရပါတယ်။

ဒီညီလာခံကိုတင်သွင်းလာတဲ့ စာတမ်းနဲ့ ပိုစတာတွေထဲက အကောင်းဆုံးစာတမ်းနဲ့ ပိုစတာတွေကို ဆုရွေးချယ်ရေးဆပ်ကော်မတီက စိစစ်အမှတ်ပေးရွေးချယ်ပြီး ဆုများထိုက်ထိုက်တန်တန်ပေးအပ်ချီးမြှင့်ဂုဏ်ပြုဖို့ အစီအစဉ်များရှိကြောင်း သိရှိရပါတယ်။

**နိဂုံးချုပ်အနေနဲ့–**

- ကျန်းမာရေးသုတေသနလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ ပြည်သူ့အကျိုးကိုရှေးရှုပြီး ပြည်သူတွေရဲ့ ကျန်းမာရေးအဆင့်အတန်း ယခုထက်ပိုမိုမြင့်မားလာစေရေး၊ အခြေခံကျန်းမာရေးကောင်းမွန်ရေး၊ ကျန်းမာရေးနဲ့ညီညွတ်စွာနေထိုင်စားသောက်ရေး၊ ကူးစက်ရောဂါများနဲ့ မကူးစက်တတ်တဲ့ရောဂါများရဲ့ ဖြစ်ပွားတတ်တဲ့ သဘောသဘာဝကိုသိရှိပြီး ကြိုတင်ကာကွယ်ကြနိုင်ရေးတို့အတွက် လက်တွေ့အသုံးချ သုတေသနများ၊ တိုင်းရင်းဆေးပညာဆိုင်ရာ သုတေသနများ၊ နိုင်ငံတကာနဲ့ သုတေသနဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းများကို တိုးမြှင့်ဆောင်ရွက်သွားကြပါ။
- သုတေသနတွေကတွေ့ရှိရတဲ့ အချက်အလက်များကိုလည်း ယခုလို ညီလာခံများကျင်းပခြင်း၊ သုတေသနဂျာနယ်များ၊ စာစောင်များထုတ်ဝေခြင်း စတဲ့ ပြည်သူတွေကို အချိန်နဲ့တစ်ပြေးညီ အသိပေးခြင်း၊ သတိပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးကြပါ။
- အလားတူ ပြည်သူတွေအနေနဲ့ ပြည်သူ့ဆေးရုံတွေမှာ တက်ရောက်ကုသမှုခံယူတဲ့အခါမှာ စိတ်ချမ်းသာရေး၊ လူနာဘေးကင်းလုံခြုံစိတ်ချရေးနဲ့ အရည်အသွေးပြည့်ဝတဲ့ ကုသစောင့်ရှောက်မှုများ ပေးအပ်နိုင်ရေးအတွက် ကုသရေးဆိုင်ရာနဲ့ ဆေးရုံစီမံအုပ်ချုပ်မှုဆိုင်ရာ လက်တွေ့အသုံးချ သုတေသနလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးကြပါ။
- ကျန်းမာရေးသုတေသနလုပ်ငန်းတွေက တစ်ဆင့် မိမိတို့နိုင်ငံနဲ့သင့်တော်မယ့် ကျန်းမာရေးဆိုင်ရာ မူဝါဒများချမှတ်နိုင်ရေး၊ လူတိုင်းလက်လှမ်းမီတဲ့ အရည်အသွေးပြည့်ဝတဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို အားလုံးကိုယ်စီရရှိနိုင်ရေးနဲ့ မိမိတို့နိုင်ငံရဲ့ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်း ပိုမိုမြင့်မားလာစေရေးအတွက် ဆောင်ရွက်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

## နေပြည်တော်ကောင်စီဝင် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ၆ / ၂၀၂၅

၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်)

### နေပြည်တော်ကောင်စီဝင် ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးခင်မောင်လတ်အား နေပြည်တော်ကောင်စီဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ကျန်းမာရေးဝန်ကြီးဌာန

(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်မှ ၂၄ ရက်

ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

# (၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၀**

"(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ" ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်း အမှတ်(၅)ရှိ ဆေးသုတေသန ဦးစီးဌာန၌ ကျင်းပသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က Video Message ပေးပို့၍ ဂုဏ်ပြုမိန့်ခွန်း ပြောကြားသည်။

**(နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဂုဏ်ပြုမိန့်ခွန်းအား ရှေ့ဖုံးတွင် ဖော်ပြထားပါသည်။)**

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းကညီလာခံသို့ကျန်းမာရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့မှပါမောက္ခများ၊ ပြည်တွင်းပြည်ပမှ သုတေသီပညာရှင်များ၏ အခြေခံသုတေသန (Basic Research)၊ အသုံးချသုတေသန (Applied Research)၊ လူမှုရေးနှင့် ကျန်းမာရေးစနစ် သုတေသန (Social Sciences/ Health System Research) ဆိုင်ရာ သုတေသနစာတမ်းများကို တင်သွင်းဖတ်ကြားပြသကြမည်ဖြစ်သဖြင့် မျက်မှောက်ခေတ်ပြည်သူလူထု၏ ကျန်းမာရေးပြဿနာများအတွက် အဖြေရှာနိုင်မည့် အလွန်တန်ဖိုးရှိသော သုတေသနတွေ့ရှိချက်များကို တင်ပြကြမည်ဟု ယုံကြည်ပါကြောင်း။

ညီလာခံရက်များအတွင်း ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများဖြစ်သည့် "မြန်မာ-ကိုရီးယား ပူးတွဲ၍ တီဘီရောဂါ၊ အသည်းရောင်အသားဝါရောဂါနှင့် ငှက်ဖျားရောဂါသုတေသနဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၅)" - " Myanmar-Korea Joint Symposium (2025)"၊ "ကျန်းမာရေးပြဿနာဖြစ်စေနိုင်သည့် အချက်အလက်များဖော်ထုတ်ခြင်းဖြင့် ကျန်းမာရေးနှင့် ညီညွတ်သော လူမှုဘဝမြင့်တင်စေရန် ဆောင်ရွက်ခြင်း"- "Promoting a Healthy Lifestyle and Addressing Health Risk Behaviors"၊ "သွေးလွန်တုပ်ကွေး၊ ဆင်တုပ်ကွေးနှင့် ဇီကာဗိုင်းရပ်စ်ရောဂါများ၏ ဗိုင်းရပ်စ်ပိုးဆိုင်ရာနှင့် သွေးရည်ကြည်ပြောင်းလဲမှု ဆိုင်ရာများကို မီးမောင်းထိုးပြခြင်း"- "Virological and Immunological Highlights of Dengue, Chikungunya and Zika Virus Infections in Myanmar"၊ "ဉာဏ်ရည်တုနည်းပညာ (Artificial Intelligence) ကို ဆေးပညာတွင် အသုံးပြု၍ ကျန်းမာရေးမျိုးဆက်သစ်များကို ပုံဖော်မွေးထုတ်နိုင်ရန် ဆောင်ရွက်နေမှု" - "Artificial Intelligence: Shaping the Next Generation of Health Professionals" နှင့် ပညာရပ်ဆိုင်ရာ ဟောပြောပွဲတစ်ခုတို့ကိုပြည်တွင်းပြည်ပမှ ပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများဖြင့် ကျင်းပသွားမည်ဖြစ်သည်ဟု သိရှိရကြောင်း။

ထို့အပြင် ကိုရီးယားနှင့် မြန်မာသုတေသီများ၏ ညီလာခံအကြိုလှုပ်ရှားမှု (Pre-conference activity)တွင် တီဘီဆေးအသစ်ယဉ်ပါးမှုဆိုင်ရာ ဓာတ်ခွဲလုပ်ငန်းများ၊ မျိုးဗီဇတစ်ခုလုံးကို လေ့လာခြင်း (Whole genome sequencing) ဆိုင်ရာ စာတွေ့၊ လက်တွေ့ လုပ်ဆောင်မှုများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြသဖြင့် မြန်မာနိုင်ငံမှသုတေသီများ၊ ဓာတ်ခွဲပညာရှင်များ၊ ဓာတ်ခွဲကျွမ်းကျင်များအနေဖြင့် နည်းပညာကျွမ်းကျင်မှုများ တိုးတက်ရရှိမည်ဟု မျှော်လင့်ပါကြောင်း၊ သုတေသနစာတမ်းရှင်များသည် သုတေသနတွေ့ရှိချက်များကို ညီလာခံသို့ စာတမ်းတင်သွင်းရုံမျှမကဘဲ ပြည်တွင်း၊ ပြည်ပ သုတေသနဂျာနယ်များတွင် ဖော်ပြနိုင်ရေးအတွက် ဆက်လက် ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်းနှင့် သုတေသန ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆက်လက်ပံ့ပိုးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာ အေးအေးခင်က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကျန်းမာရေး ဝန်ကြီးဌာနလက်အောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဆေးသုတေသနပညာရှင်များ၊ စာတမ်းဖတ်ကြားမည့် အဓိကသုတေသီများနှင့် ပြည်ပပညာရှင်များသည် သုတေသနပိုစတာပြပွဲကို လှည့်လည်ကြည့်ရှုကြသည်။

ညီလာခံသို့ တင်သွင်းလာသည့် စာတမ်းများမှ အကောင်းဆုံး အခြေခံ သုတေသန (Basic Research) စာတမ်းဆုများ၊ အကောင်းဆုံး လက်တွေ့အသုံးချ သုတေသန (Applied Research) စာတမ်းဆုများ၊ အကောင်းဆုံး ကျန်းမာရေးစနစ် သုတေသန (Health Systems Research) စာတမ်းဆုများ၊ အကောင်းဆုံး ပိုစတာစာတမ်းဆုများနှင့် လူငယ်သုတေသီဆုများကို စာတမ်းဆုရွေးချယ်ရေး ဆပ်ကော်မတီက စိစစ်ရွေးချယ်၍ ဆုများချီးမြှင့်သွားရန် စီစဉ်ထားကြောင်း သိရသည်။

**သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း (၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းနှင့် အခမ်းအနားတက်ရောက်လာကြသူများ သုတေသနပိုစတာပြပွဲကို လှည့်လည်ကြည့်ရှုစဉ်။

**တစ်လှေတည်းစီး တစ်ခရီးတည်းသွား တစ်စိတ်တည်းတစ်ဝမ်းတည်းမကွဲပြား ပြည်ထောင်စုရဲ့ နှလုံးသား**




တရားမဝင် အွန်လိုင်းလောင်းကစားအပါအဝင် ဒုစရိုက်မှုများ ဖြစ်ပေါ်လျက်ရှိသည့် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေပြပုံ။





တရားမဝင် အွန်လိုင်းလောင်းကစားအပါအဝင် ဒုစရိုက်မှုများ ဖြစ်ပေါ်လျက်ရှိသည့် KK Park နယ်မြေပြပုံ။

■ စာမျက်နှာ ၂၄ မှ

ထို့အပြင် ၎င်းဒေသများ၌ အွန်လိုင်းလိမ်လည်မှု၏ အခြေခံလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်ဓာတ်အားနှင့် အင်တာနက်လိုင်း အဆက်အသွယ်ကို မြန်မာနိုင်ငံအတွင်းမှရရှိခြင်း မဟုတ်ဘဲ တစ်ဖက်နိုင်ငံမှတစ်ဆင့် ရယူနေခြင်းဖြစ်ကြောင်းနှင့် အခြေခံအဆောက်အအုံများနှင့် ရင်းနှီးမြှုပ်နှံမှု အများစုသည်လည်း ပြည်ပ အဖွဲ့အစည်းများမှ လာရောက်ရင်းနှီးမြှုပ်နှံထားခြင်း ဖြစ်ကြောင်းကို တွေ့ရှိရသည်။ အဆိုပါ အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်း လောင်းကစားမှုများ လုပ်ဆောင် နေကြသူများသည် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများကို ၂၀၁၅ ခုနှစ်ခန့်မှစ၍ ဖိလစ်ပိုင်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ တို့တွင် လုပ်ကိုင်ခဲ့ကြပြီး ၂၀၁၉ ခုနှစ်နောက်ပိုင်း၌ မြန်မာနိုင်ငံသို့ ရောက်ရှိလုပ်ကိုင်ခဲ့ကြခြင်းဖြစ်သည်။

၎င်းဒေသ ထိုင်း-မြန်မာ (မဲဆောက်-မြဝတီ) နှစ်နိုင်ငံနယ်စပ်၌ ပျောက်ဆုံးသွားခဲ့သည့် တရုတ်နိုင်ငံသား Mr. Wang Xing (ရုပ်ရှင်သရုပ်ဆောင်)ကို ၎င်းနှင့်ဆက်စပ်သည့် အဖွဲ့အစည်းများက အချင်းချင်းချိတ်ဆက်၍ ထိုင်းနိုင်ငံဘက်သို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည့် သတင်းကိုလည်း သတင်းမီဒီယာများ၌ ဖော်ပြခဲ့ကြသည်။ ဖြစ်စဉ်နှင့်စပ်လျဉ်း၍ စိစစ်ချက်များအရ Mr. Wang Xing ကို ထိုင်းနိုင်ငံအခြေစိုက် အနုပညာကုမ္ပဏီတစ်ခုဖြစ်သော GMM Grammy ၏ WeChat Account မှတစ်ဆင့် တရုတ်နိုင်ငံသားတစ်ဦးက ဆက်သွယ်လာပြီး ထိုင်းနိုင်ငံ၌ သရုပ်ဆောင်အဖြစ် လာရောက်လုပ်ကိုင်ရန် စည်းရုံးခဲ့သဖြင့် ဇန်နဝါရီ ၃ ရက်တွင် တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့မှ ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိခဲ့ကြောင်း၊ ထို့နောက် ဗန်ကောက်မြို့မှ တာ့ခ်ပြည်နယ်၊ မဲဆောက်မြို့ မဲ့ကွန်းကန်ရွာအနီးရှိ သောင်ရင်းမြစ်ကမ်း(ထိုင်းနိုင်ငံဘက်ခြမ်း)သို့ ရောက်ရှိပြီးနောက် လှေဖြင့် မြန်မာနိုင်ငံဘက်ခြမ်း၊ မြဝတီ-ရွှေကုက္ကိုလ် နယ်မြေသို့ ခေါ်ဆောင်ခြင်းခံခဲ့ရကြောင်း။



အွန်လိုင်းလိမ်လည်မှုလုပ်ကိုင်ရန် အဓမ္မစေခိုင်းခြင်းခံခဲ့ရသည့် တရုတ်နိုင်ငံသား Mr. Wang Xing (ရုပ်ရှင်သရုပ်ဆောင်)ကို ထိုင်းနိုင်ငံမှ တာဝန်ရှိသူများနှင့်အတူ တွေ့ရစဉ်။

ထို့နောက် အဆောက်အအုံတစ်ခုသို့ ပို့ဆောင်ခြင်းခံခဲ့ရပြီး ကွန်ပျူတာစာစီစာရိုက်ကျွမ်းကျင်စေရန် ဦးစွာလေ့ကျင့်ပေးခဲ့ကြောင်းနှင့် ယင်းအဆောက်အအုံ၌ တရုတ်နိုင်ငံသား ၁၀ ဦးခန့် တွေ့ရှိခဲ့ကြောင်း၊ ယင်းနောက် ဒုတိယ အဆောက်အအုံ တစ်ခုသို့ ဆက်လက်ရောက်ရှိခဲ့ပြီး ခေါင်းတုံးတုံးပေးခဲ့ကြောင်းနှင့် အွန်လိုင်းလိမ်လည်မှုလုပ်ကိုင်ရန် စေခိုင်းခြင်းခံခဲ့ရကြောင်း၊ အဆိုပါနေရာသည် အွန်လိုင်းလောင်းကစား လိမ်လည်သည့် နေရာဖြစ်ပြီး အဆောက်အအုံအတွင်း တရုတ်နိုင်ငံသား ၅၀ ခန့်ရှိကြောင်း၊ ယင်းနောက် မိသားစုနှင့် အဆက်အသွယ်ရရှိခဲ့ပြီး ဇန်နဝါရီ ၇ ရက်တွင် အဆိုပါ နယ်မြေအတွင်းရှိ ၎င်းနှင့် ပတ်သက်ခဲ့သည့် အဖွဲ့အစည်းများက တာ့ခ်ပြည်နယ် မဲဆောက်မြို့ ထဆောင်လွတ်မြို့နယ် အမှတ်(၇)ရပ်ကွက် ဝမ်သဒီရန်သိုင့်ကျေးရွာရှိ အမှတ်(၃၄) ဂိတ်မှတစ်ဆင့် ၎င်းတရားမဝင် ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း၊ ယင်းနောက် ညပိုင်းတွင် ဗန်ကောက်မြို့ရှိ လူကုန်ကူးခံရသူများ စောင့်ရှောက်ရေးဌာန (ဒွန်မောင်းဂေဟာ)သို့၊ ၁၀ ရက်နေ့တွင် တရုတ်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။




မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာပြီး အွန်လိုင်းလောင်းကစားမှုကျူးလွန်နေကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်စဉ်။

ထို့ပြင် အမှတ်(၅)ရပ်ကွက် ချစ်ကြည်ရေးလမ်း သံတံတားအနီးတွင် တရုတ်နိုင်ငံသား Mr. Cheng Xiao Ning ပါ သုံးဦးအား တွေ့ရှိခဲ့သဖြင့် စိစစ်ဖော်ထုတ်ခဲ့ရာ ၎င်းတို့သည် ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း ချိတ်ဆက်မှုအမျိုးမျိုးဖြင့် ထိုင်းနိုင်ငံဘက်မှ မြန်မာနိုင်ငံဘက်ခြမ်းသို့ တရားမဝင် ဝင်ရောက်ခဲ့သူများဖြစ်ပြီး အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်သည့်လုပ်ငန်းကို လုပ်ကိုင်နေကြရသူများဖြစ်ကြောင်းနှင့် နောက်ပိုင်းတွင် လစာရရှိခြင်းမရှိသဖြင့် ထွက်ပြေးလာသူများဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

အလားတူ မြဝတီမြို့ အမှတ်(၄) ရပ်ကွက် ဘုရင့်နောင်လမ်း နတ်သျှင်နောင် မီးပွိုင့်အနီး၌ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား Mr. Yin Jie နှင့် Mr. Huang Xiang တို့ နှစ်ဦးအား တွေ့ရှိသဖြင့် စိစစ်ဖော်ထုတ်ခဲ့ရာ ၎င်းတို့သည် ၂၀၂၃ ခုနှစ်တွင် ထိုင်းနိုင်ငံ မဲဆောက်မြို့မှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသူများဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

အထက်ပါ အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ ပြုလုပ်နိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားရရှိရန်၊ အင်တာနက်ဆက်သွယ်မှုရရှိရန်နှင့် တရားမဝင်လုပ်ငန်းအတွက် လက်နက်၊ ခဲယမ်းများနှင့် အဆောက်အအုံများရှိရန် အခြေခံလိုအပ်မည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်သူများ အနေဖြင့် ယင်းအခြေခံအချက်အလက်များကို တစ်ဖက်နိုင်ငံကို အခြေခံ၍ ရယူသုံးစွဲနေခြင်းသာဖြစ်သည်။ လုပ်ငန်း လုပ်ဆောင်နေသူများ အနေဖြင့်လည်း မြန်မာနိုင်ငံမှ မဟုတ်ဘဲ အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်းပြီး မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်နေထိုင်၍ ရင်းနှီးလုပ်ကိုင်နေသည့် ပြည်ပနိုင်ငံသားများပင်ဖြစ်သည်။ အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ ပပျောက်ရန်အတွက် အိမ်နီးချင်းနိုင်ငံများ အနေဖြင့်လည်း အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် အတူတကွဝိုင်းဝန်းတိုက်ဖျက် ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။

စာမျက်နှာ ၆ သို့ »»



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာပြီး အွန်လိုင်းလောင်းကစားမှုကျူးလွန်နေကြသည့် ပြည်ပနိုင်ငံသားများအား တွေ့ရစဉ်။

»»» စာမျက်နှာ ၅ မှ

မြန်မာနိုင်ငံ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သော နယ်စပ်ဒေသများ၏ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများအပေါ် အခွင့်ကောင်းယူ၍ ပြည်ပနိုင်ငံသားအချို့အနေဖြင့် EAO လက်နက်ကိုင်အဖွဲ့များအပါအဝင် ဆက်စပ်နေရာများမှ ကိုယ်ကျိုးစီးပွားရှာသူများ၏ ပါဝင်ပတ်သက်မှုများဖြင့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများကို ကျယ်ပြန့်စွာ ဆောင်ရွက်လျက်ရှိသဖြင့် စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်း လုပ်ငန်းစဉ်ကို အလေးထားဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်မှုများဆောင်ရွက်ခဲ့ရာ အများစုသည် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံနယ်နိမိတ်အတွင်းသို့ ကိုယ်ကျိုးစီးပွားအတွက် အလုပ်လုပ်ကိုင်ရန် တရားမဝင်ဝင်ရောက်လာကြသူများဖြစ်ကြောင်း တွေ့ရှိရသော်လည်း **နိုင်ငံတော်အစိုးရအနေဖြင့် ၎င်းတို့ကို တရားမဝင် ဝင်ရောက်လာသူများ ဖြစ်သော်လည်း လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ တရားဥပဒေနှင့်အညီ စစ်ဆေး၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည် လွှဲပြောင်းပေးလျက်ရှိသည်။** တရားမဝင် ဝင်ရောက်နေထိုင်၍ အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများကျူးလွန်နေကြသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခဲ့ရာ နယ်စပ်ဒေသများဖြစ်သည့် လောက်ကိုင်၊ မူဆယ်၊ တာချီလိတ်၊ မြဝတီမြို့များအပါအဝင် အခြားနယ်စပ်ဒေသများမှ ဖော်ထုတ်ရရှိသည့် တရားမဝင် ဝင်ရောက်နေသူများကို သက်ဆိုင်ရာ နိုင်ငံအလိုက် ပြန်လည်လွှဲပြောင်းပေးလျက်ရှိရာ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၅ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်အထိ တရုတ်နိုင်ငံသို့ ၅၃၃၈၈ ဦး၊ ထိုင်းနိုင်ငံသို့ ၆၄၈ ဦး၊ ကိုရီးယားနိုင်ငံသို့ ၂၀ ဦး၊ လာအိုနိုင်ငံသို့ ၂၂ ဦး၊ ဗီယက်နမ်နိုင်ငံသို့ ၁၁၄၉ ဦး၊ ဖိလစ်ပိုင်နိုင်ငံသို့ ၁၉ ဦး၊ မလေးရှားနိုင်ငံသို့ ၁၄၂ ဦး၊ တရုတ်(တိုင်ပေ)သို့ ၂၁ ဦး၊ စင်ကာပူနိုင်ငံသို့ နှစ်ဦး၊ ပိုလန်နိုင်ငံသို့ တစ်ဦး၊ စပိန်နိုင်ငံသို့ တစ်ဦး၊ ရုရှားနိုင်ငံသို့ ၁၃ ဦး၊ အင်ဒိုနီးရှားနိုင်ငံသို့ ၃၈ ဦး၊ ယူဂန်ဒါနိုင်ငံသို့ သုံးဦး၊ အီဂျစ်နိုင်ငံသို့ နှစ်ဦး၊ ကမ္ဘောဒီးယားနိုင်ငံသို့ သုံးဦး၊ အိန္ဒိယနိုင်ငံသို့ ၉၆ ဦး၊ မော်ရိုကိုနိုင်ငံသို့ ၁၃ ဦး၊ အီသီယိုးပီးယားနိုင်ငံသို့ ၂၉ ဦး၊ နီပေါနိုင်ငံသို့ ၂၆ ဦး၊ ပါကစ္စတန်နိုင်ငံသို့ သုံးဦး၊ မြောက်အိုင်ယာလန်နိုင်ငံသို့ နှစ်ဦး၊ ကာဇက်စတန်နိုင်ငံသို့ တစ်ဦး၊ ကင်ညာနိုင်ငံသို့ နှစ်ဦး၊ သီရိလင်္ကာနိုင်ငံသို့ ၆၀ ဦး၊ တောင်အာဖရိကနိုင်ငံသို့ တစ်ဦး၊ တရုတ်–ဟောင်ကောင်သို့ တစ်ဦး၊ ဆီရီယာလီယွန်နိုင်ငံသို့ နှစ်ဦး၊ ဂါနာနိုင်ငံသို့ တစ်ဦး၊ ဘူရွန်ဒီနိုင်ငံသို့ တစ်ဦး၊ တာ့ခ်မင်နစ္စတန်နိုင်ငံသို့ တစ်ဦး စုစုပေါင်း ၅၅၇၁၁ ဦးအား ပြန်လည်လွှဲပြောင်းပေးနိုင်ခဲ့ပြီး ဆက်လက်၍လည်း စိစစ်ဖော်ထုတ်မှုများကို ဆောင်ရွက်လျက်ရှိသည်။



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာပြီး အွန်လိုင်းလောင်းကစားမှုကျူးလွန်နေကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်စဉ်။

နိုင်ငံတော်အစိုးရ အနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာမှုကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများကို ဥပဒေနှင့်အညီ စိစစ်နိုင်ရန်၊ အမြန်ဆုံး တရားစွဲဆိုအရေးယူဆောင်ရွက်နိုင်ရန်နှင့် သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်နိုင်ရန်အတွက် ကော်မတီများဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့အမြန်ဆုံး ပြည်နှင်လွှဲပြောင်း ပေးနိုင်ရေး သက်ဆိုင်ရာနိုင်ငံများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

၂၀၂၂ ခုနှစ်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၉ ရက်အထိ အာဆီယံအဖွဲ့ဝင်နိုင်ငံများအပါအဝင် အာရှ၊ဥရောပ၊ တရုတ်နိုင်ငံနှင့် တောင်အာဖရိကဒေသရှိ နိုင်ငံပေါင်း ၃၈ နိုင်ငံမှ ၄၁၇၆ ဦး (အမျိုးသား ၃၄၁၅ ဦး၊ အမျိုးသမီး ၇၆၁ ဦး)ကို ကူညီစုံစမ်းရှာဖွေပေးရန် သံတမန်လမ်းကြောင်း၊ အင်တာပိုလ်ရဲဆက်သွယ်ရေးလမ်းကြောင်းနှင့် ရဲဆက်ဆံရေးလမ်းကြောင်းများမှတစ်ဆင့် အကြောင်းကြားသည့်စာများ လက်ခံရရှိခဲ့သည်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၉ ရက်အထိ အမျိုးသား ၉၅၈ ဦး၊ အမျိုးသမီး ၃၃၄ ဦး ပေါင်း ၁၂၉၂ ဦးကို ရှာဖွေဖော်ထုတ်နိုင်ခဲ့သဖြင့် ၁၂၈၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်နှင်လွှဲပြောင်းခဲ့ပြီးဖြစ်ကာ ဗီယက်နမ် ငါးဦး၊ ပါကစ္စတန် တစ်ဦး၊ တရုတ် နှစ်ဦး ပေါင်းရှစ်ဦးလွှဲရန် ကျန်ရှိကြောင်း၊ ကျန်ရှိသူ ၂၈၈၄ ဦးနှင့် ပတ်သက်၍ စဉ်ဆက်မပြတ် စုံစမ်းရှာဖွေလျက်ရှိပြီး ထူးခြားမှုရှိပါက သက်ဆိုင်ရာသံရုံးနှင့် နိုင်ငံများသို့ အချိန်နှင့်တစ်ပြေးညီ သတင်းဖလှယ်ပေးလျက်ရှိသည်။ မြန်မာ-တရုတ် နှစ်နိုင်ငံပူးပေါင်းပြီး မြန်မာနိုင်ငံ ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ရှိအွန်လိုင်း Scam Center များကို တားဆီးနှိမ်နင်းမှု နှစ်ကြိမ် ဆောင်ရွက်ခဲ့သည်။ ပထမအကြိမ်ကို ၂၀၂၄ ခုနှစ် မတ် ၂၈ ရက်မှ ၃၁ ရက်အတွင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဒုတိယအကြိမ်ကို ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၃ ရက်မှ ၂၆ ရက်အတွင်း ဆောင်ရွက်ခဲ့သည်။

အွန်လိုင်း လိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် ပတ်သက်၍ လုပ်ဆောင်နေသူများသည် သာမန်လူများမဟုတ်ကြဘဲ သက်ဆိုင်ရာနိုင်ငံများ၌ ရာဇဝတ်မှုများဖြစ်ပြီး တိမ်းရှောင်ထွက်ပြေးနေရသည့်လောင်းကစားလုပ်နေကြသူများက ဦးဆောင်နေကြခြင်းပင်ဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ထုတ်ပြန်ခဲ့မှုအရ **"တရုတ်များက မြန်မာများကို လိမ်ခြင်းမဟုတ်သကဲ့သို့ မြန်မာများက တရုတ်များကို လိမ်ခြင်းလည်း မဟုတ်ပါ၊ ရာဇဝတ်မှုကျူးလွန်ထားပြီး အပြစ်ရှိသည့် ပြည်ပြေးလူတစ်စုမှ မိမိတို့နှစ်နိုင်ငံလုံးကို လိမ်နေခြင်းပင်ဖြစ်သဖြင့် အပြစ်ရှိသူများကို ဖော်ထုတ်အရေးယူသွားရမည်ဖြစ်ပြီး အကာအကွယ် ပေးသူများကိုလည်း အရေးယူရမည်ဖြစ်"** ပါသည်။

သို့ဖြစ်ပါ၍ အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများကျူးလွန်နေကြသူများသည် နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုမရှိသဖြင့် **တရားဥပဒေစိုးမိုးရေးအဖွဲ့များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ အပြည့်အဝစိုးမိုးအုပ်ချုပ်ရန် အခက်အခဲနှင့် ကန့်သတ်ချက်များရှိသည့် ဒေသများကို ပစ်မှတ်ထား၍ NCA လက်မှတ် ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအချို့ အပါအဝင် လက်နက်ကိုင်အဖွဲ့အစည်းများ၊ ဆက်စပ်နေရာများမှ ကိုယ်ကျိုးစီးပွားရှာသူများနှင့် ပူးပေါင်းကာ လုပ်ဆောင်လျက်ရှိ** ကြသဖြင့် နိုင်ငံတော်အနေဖြင့် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ပြတ်ပြတ်သားသား ဆောင်ရွက်လျက်ရှိသည်။ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့်လည်း ၎င်းအွန်လိုင်းလိမ်လည်မှုနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ရရှိပါက သက်ဆိုင်ရာသို့ ပေးပို့ခြင်းဖြင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူကာ ပူးပေါင်းတိုက်ဖျက်သွားကြပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းစဉ်

**“အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများကျူးလွန်နေကြသူများသည် နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုမရှိသဖြင့် တရားဥပဒေစိုးမိုးရေးအဖွဲ့များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ အပြည့်အဝစိုးမိုးအုပ်ချုပ်ရန် အခက်အခဲနှင့် ကန့်သတ်ချက်များရှိသည့် ဒေသများကို ပစ်မှတ်ထား၍ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအချို့ အပါအဝင် လက်နက်ကိုင်အဖွဲ့အစည်းများ၊ ဆက်စပ်နေရာများမှ ကိုယ်ကျိုးစီးပွားရှာသူများနှင့်ပူးပေါင်းကာ လုပ်ဆောင်လျက်ရှိကြသဖြင့် နိုင်ငံတော်အနေဖြင့် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ် အရေးယူမှုများကို ပြတ်ပြတ်သားသား ဆောင်ရွက်လျက်ရှိ”**

# ယာယီနေရပ်စွန့်ခွာနေကြရသည့် ပြည်သူများအတွက် လိုအပ်သည့်ထောက်ပံ့မှုများ စီစဉ်ဆောင်ရွက်ပေးမည်

နေပြည်တော် ဇန်နဝါရီ ၂၀

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးနှင့် ပတ်သက်၍ သဘာဝဘေးအန္တရာယ်ကျရောက်မှုတွင် ပါဝင်သည့် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် ယာယီနေရပ်စွန့်ခွာနေကြရသည့် ပြည်သူများအတွက်လည်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးရန်ပုံငွေမှ လိုအပ်သည့်ထောက်ပံ့မှုများ ဆောင်ရွက်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စာရင်းကောက်ယူ၍ ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ၁၇-၁-၂၀၂၅ ရက်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင် ထည့်သွင်းမှာကြားခဲ့သည်။

သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(ခ)တွင် "သဘာဝဘေး အန္တရာယ်"ဆိုသည့်စကားရပ်အား အဓိပ္ပာယ်ဖွင့်ဆိုထားမှုအရ "အကြမ်းဖက်ခြင်း၊ လက်နက်ကိုင် သောင်းကျန်းမှုဖြစ်ပွားခြင်း" တို့သည် သဘာဝဘေးအန္တရာယ်တွင် ပါဝင်သောကြောင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးရန်ပုံငွေမှ လိုအပ်သည့်ထောက်ပံ့မှုများကို ဆောင်ရွက်ပေးရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် ယာယီနေရပ်စွန့်ခွာနေကြရသည့် ပြည်သူများ(တိုက်ပွဲရှောင်ပြည်သူများ) ဆိုရာတွင် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများက မြို့၊ ရွာများတွင် အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်ကာ တရားမဲ့နယ်မြေကျူးကျော်လာမှုများကြောင့် ယာယီနေရပ်စွန့်ခွာရသူများအပြင် အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုများ၏ အကြမ်းဖက်လုပ်ရပ်များ၊ အကြမ်းဖက်ခြိမ်းခြောက်မှုများကြောင့် လုံခြုံရေးအန္တရာယ်စိုးရိမ်ရသဖြင့် ခေတ္တနေရပ်စွန့်ခွာလာရသူများလည်းပါဝင်ကြောင်း သိရသည်။

ယာယီနေရပ်စွန့်ခွာနေကြရသည့် ပြည်သူများကို လိုအပ်သည့် ထောက်ပံ့မှုများ စီစဉ်ဆောင်ရွက်ပေးနိုင်ရန်အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် စာရင်းကောက်ယူလျက်ရှိရာ ဘုန်းကြီးကျောင်းကဲ့သို့သော ယာယီခိုလှုံရာစခန်းများတွင် ရောက်ရှိခိုလှုံနေကြရသူများအပြင် ဆွေမျိုးသားချင်းများရှိရာ ရပ်ကွက်၊ ကျေးရွာများ၊ ဝန်ထမ်းအိမ်ရာများတွင်နေထိုင်ခြင်း၊ မိမိအစီအစဉ်ဖြင့် နေအိမ်ခန်းများ ငှားရမ်းနေထိုင်ခြင်း၊ အခြားနည်းဖြင့် နေထိုင်ခြင်းများရှိရာ ထိုသို့နေထိုင်သူများအားလုံးသည်လည်း စာရင်းကောက်ယူရာတွင် အကျုံးဝင်ကြောင်း သိရသည်။ သို့ပါ၍ ယာယီနေရပ်စွန့်ခွာနေကြရသည့် ပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ ရန်ပုံငွေမှ လိုအပ်သည့် ထောက်ပံ့မှုများကို လျာထားဆောင်ရွက်နိုင်ရေး အကျုံးဝင်သူအားလုံးပါဝင်အောင် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများက စာရင်းကောက်ယူကြရန်နှင့် အကျုံးဝင်သူအားလုံးကလည်း စာရင်းကောက်ယူရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား Exploring Myanmar Culture & Tourism Organization ၏ အမှုဆောင်ဥက္ကဋ္ဌ လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား Exploring Myanmar Culture & Tourism Organization ၏ အမှုဆောင်ဥက္ကဋ္ဌ Mr. David Liu သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

**ရင်းရင်းနှီးနှီးဆွေးနွေး**

တွေ့ဆုံစဉ် နှစ်ဖက်သတင်းမီဒီယာ ကဏ္ဍ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်ရေး၊ အစိုးရအချင်းချင်းသာမက ပြည်သူအချင်းချင်းပါ ချစ်ကြည်ရင်းနှီးရေးအတွက် မီဒီယာမှတစ်ဆင့် ဖော်ဆောင်နိုင်ရေး၊ မြန်မာနိုင်ငံ၏ ပကတိဖြစ်ရပ်မှန်၊ သတင်းမှန်များကို တရုတ်နိုင်ငံပြည်သူများ သိရှိအောင် မီဒီယာပလက်ဖောင်းမျိုးစုံမှ ဖော်ပြနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းရင်းနှီးနှီးဆွေးနွေးကြသည်။



ပြန်ကြားရေးဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံတို့အကြား မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ၂၀၂၃ ခုနှစ်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် တရုတ်ဗဟို အသံနှင့် ရုပ်မြင်သံကြားဌာန China Media Group (CMG)တို့သည် လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးအသံလွှင့်နှင့် ရုပ်မြင်သံကြားဌာန (GXRTV) တို့သည် လည်းကောင်း၊ Yunnan International Channel ၏ အွန်လိုင်းရုပ်မြင်သံကြားထုတ်လွှင့်မှု Platform ဖြစ်သည့် Yunnan Media Group မှ တည်ဆောက်ထားသော Mekong Look App တွင် ပူးပေါင်းဆောင်ရွက်ရေးမူဘောင် (Mekong Look App Cooperation Framework) ကို လည်းကောင်း၊ ၂၀၂၄ ခုနှစ်တွင် ဆင်ဟွာသတင်းအေဂျင်စီနှင့် လည်းကောင်း၊ MYANSAT DTH အမည်ဖြင့် ရုပ်သံလိုင်းများ ထုတ်လွှင့်သည့် Borderless Broadcast Co.,Ltd. နှင့် DTH စနစ်ဖြင့် ရုပ်သံလိုင်းများ ထုတ်လွှင့်ရန်လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး Borderless Broadcast Co.,Ltd. သည် China Rocket ကုမ္ပဏီလီမိတက်၊ Laosat ကုမ္ပဏီနှင့် ပူးပေါင်း၍ Laosat 1 Satellite ကို အသုံးပြုကာ China Aerospace Science and Technology Corporation (CASC) ၏ Multi Village Plan၊ Sky Star Class Room Plan တို့ဖြင့် မြန်မာနိုင်ငံ နယ်စပ်ဒေသအထိ စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာအသိပညာ၊ လူငယ်များအတွက် ပညာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရန်၊ ဆင်းရဲနွမ်းပါးမှုများ လျှော့ချနိုင်ရန်၊ နှစ်နှစ်အတွင်း မြန်မာနိုင်ငံရှိ ကျေးရွာပေါင်း ၄၂ ရွာမှ ကျေးရွာပေါင်း ၁၀၀ အထိ MYANSAT DTH စက်ပစ္စည်းများအပြင် TV နှင့် Solar စနစ် Battery များကို အဆင့်လိုက်တိုးချဲ့လှူဒါန်းနိုင်ရန် China AID အကူအညီရယူပြီး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# (၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ စာတမ်းဖတ်ပွဲများ ကျင်းပ

## ဆေးသုတေသနဦးစီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ International Tuberculosis Research Centre တို့အကြား Letter of Intent လက်မှတ်ရေးထိုး

ရန်ကုန် ဇန်နဝါရီ ၂၀

ကျန်းမာရေး ဝန်ကြီးဌာနက ကြီးမှူးကျင်းပသော "(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ"ကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (ရုံးချုပ်)၌ ဇန်နဝါရီ ၂၀ ရက် မှ ၂၄ ရက်အထိ ကျင်းပလျက်ရှိသည်။

**မေးမြန်းဆွေးနွေး**

ညီလာခံပထမနေ့တွင် ပုံမှန်ကိုယ်အလေးချိန် ရှိသော်လည်း အသက်လတ်ပိုင်း (၄၀-၆၀နှစ်အတွင်းရှိ) အဆီများနေသောသူများကို တွေ့ရှိရမှုနှင့် ယင်းတို့နှင့်ဆက်စပ်နေသော နှလုံးသွေးကြောဆိုင်ရာ အချက်အလက်များကို ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်နှစ်ခုတွင် လေ့လာခြင်း သုတေသနစာတမ်း၊ မြန်မာနိုင်ငံရှိ အရွယ်ရောက်ပြီးသူများတွင် ကိုယ်လက်ကြံ့ခိုင်မှုအား လေ့လာခြင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ခဲ့သော တစ်ကြိမ်လေ့လာမှု သုတေသနတွင် တွေ့ရှိခဲ့သော ကာယကြံ့ခိုင်မှု ပျံ့နှံ့မှု သုတေသနစာတမ်း၊ သက်ကြီးရွယ်အိုလူနာများ၏ အာဟာရအခြေအနေနှင့် အားအင်ချည့်နဲ့ခြင်းတို့၏ ဆက်စပ်မှုကိုလေ့လာခြင်း သုတေသနစာတမ်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ သွေးဆိပ်သင့်လူနာများတွင် တွေ့ရှိသည့် ပြင်းထန်သော Escherichia coli မျိုးကွဲများကို ညဏ်ရည်တု နည်းပညာသုံး ဇီဝသတင်းအချက်အလက် တွက်ချက်နည်းများဖြင့် မျိုးဗီဇတစ်ခုလုံးကို လေ့လာခြင်း သုတေသနစာတမ်း၊ မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေး ဆေးရုံကြီး သွေးကင်ဆာလူနာများ၏ ခန့်မှန်းဆယ်နှစ်တာ အသက်ရှင်မှု သုတေသနစာတမ်းများကို စာတမ်းရှင်များက ဖတ်ကြားတင်သွင်းကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ဆေးသုတေသနဦးစီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ International Tuberculosis Research Centre တို့အကြားဆောင်ရွက်မည့် Letter of Intent ကိုဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာအေးအေးခင် နှင့် ကိုရီးယားသမ္မတနိုင်ငံ International Tuberculosis Research Center, Chairman of the Board, Dr. Sundae Song တို့က လက်မှတ်ရေးထိုးကြသည်။

ထို့နောက် မြန်မာ-ကိုရီးယား ပူးတွဲနှီးနှောဖလှယ်ပွဲ(၂၀၂၅)ကို "ဆေးယဉ်ပါး တီဘီရောဂါ၊ အသည်းရောင်အသားဝါဘီနှင့် ငှက်ဖျားရောဂါတို့ကို ကိုင်တွယ်ဖြေရှင်းပေးနိုင်မည့် ရောဂါရှာဖွေရေးနှင့် ကုသရေးနည်းလမ်းသစ်များဆီသို့" ခေါင်းစဉ်ဖြင့် ကျင်းပသည်။




အဆိုပါ နှီးနှောဖလှယ်ပွဲတွင် မြန်မာနိုင်ငံ ကူးစက်ရောဂါများ ထိန်းချုပ်ရေးဆိုင်ရာ အတွေ့အကြုံများနှင့် ခြုံငုံသုံးသပ်ချက်၊ ဆေးယဉ်ပါးတီဘီနှင့် ပြင်းထန်ဆေးယဉ်ပါးတီဘီ (MDR နှင့် Pre-XDR) တို့ကို မိနစ် ၄၀ အတွင်း တစ်ပြိုင်နက်တည်း လျင်မြန်စွာ သိရှိနိုင်သည့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ မြန်မာနိုင်ငံရှိ အသည်းရောင် အသားဝါဘီပိုး၏ မျိုးရိုးဗီဇ ပြောင်းလဲမှုဆိုင်ရာ မော်လီကျူးဇီဝဗေဒဆိုင်ရာ ဆက်စပ်မှုနှင့် ဗိုင်းရပ်စ်တိုက်ဖျက်ရေး ဆိုင်ရာ တိုးတက်တွေ့ရှိချက်များ၊ ငှက်ဖျားဆေးယဉ်ပါးမှုကို ကျော်လွှားရန် အလားအလာရှိသော Ubiquitin-Proteasome စနစ်အား အဓိကထားသည့် နည်းဗျူဟာသစ်၊ မြန်မာနိုင်ငံတွင် တီဘီရောဂါ၊ ဗိုင်းရပ်စ်အသည်းရောင် ရောဂါ၊ ငှက်ဖျားဆေးယဉ်ပါးမှု ဆိုင်ရာ သုတေသန တွေ့ရှိချက်များနှင့် စပ်လျဉ်း၍ ပညာရှင်များက ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသည့် ဘာသာရပ်ဆိုင်ရာ ပညာရှင်များနှင့် သုတေသီများက မေးမြန်းဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယူးလ်ကို အားပေးထောက်ခံသူများ ဆိုလ်းမြို့တော်၌ ရာနှင့်ချီ စုဝေးအင်အားပြ တောင်းဆိုမှုပြုလုပ်




**ဆိုလ်း ဇန်နဝါရီ ၂၀**

တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယူးလ်ကို အားပေးထောက်ခံသူများ ဆိုလ်းမြို့တော်၌ ယမန်နေ့က ရာနှင့်ချီ၍ စုဝေးအင်အားပြ တောင်းဆိုမှုပြုလုပ်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

သမ္မတယွန်းကို လွှတ်ပေးရန် ထိုသို့ တောင်းဆိုကြသူများ အနက်မှအချို့သည် ဖမ်းဝရမ်းသက်တမ်းတိုးပေးရန် လက်ခံစစ်ဆေးကြားနာသော ဆိုးလ် အနောက်ပိုင်းခရိုင်တရားရုံးကို သွားပိုင်းက ပြတင်းပေါက်မှန်များကို ခဲများဖြင့် ပစ်ပေါက်ခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စုတွင် ဒေါ်နယ်လ်ထရမ့်သမ္မတလက်ထက်တွင် တောင်ကိုရီးယားနိုင်ငံ၌ လက်ရှိဖြစ်ပေါ်နေသော မတရားမှုကို ကူညီဖြေရှင်းနိုင်လိမ့်မည်ဟု စုဝေးလှုပ်ရှားမှုတွင် ပါဝင်သော ကျောင်းသားတစ်ဦးက ပြောကြားကြောင်း သိရသည်။

Mon



ထိုင်းနိုင်ငံ ဘန်ကောက်မြို့တော်တစ်နေရာရှိ ဂိုထောင်တစ်ခုအတွင်းမှ ထိုင်းတော်ဝင်ရဲတပ်ဖွဲ့က စံချိန်တင် သိမ်းဆည်းရမိခဲ့သည့် ၁ ဒသမ ၆ တန် လေးသော ခရစ္စတယ် မီသာအမ်ဖက်တမင်းမူးယစ်ဆေးဝါးများကို ယမန်နေ့က စစ်ဆေးကြည့်ရှုနေစဉ်။

Mon

## အမေရိကန်နိုင်ငံ၏ ၄၇ ဦးမြောက် သမ္မတအဖြစ် ဒေါ်နယ်ထရမ့် ကျမ်းသစ္စာကျိန်ဆို



**ဝါရှင်တန် ဇန်နဝါရီ ၂၀**

အမေရိကန်နိုင်ငံ၏ ၄၇ ဦးမြောက် သမ္မတအဖြစ် ဒေါ်နယ်ထရမ့် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

ဝါရှင်တန်မြို့တော်တွင် ဆီးနှင်းများထူထပ်စွာ ကျဆင်းနေပြီး လေပြင်းများတိုက်ခတ်နေသဖြင့် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုပွဲကို လွှတ်တော်အဆောက်အအုံအတွင်း ကျင်းပခဲ့သည်။

**ပြောကြား**

မိမိအား အားပေးထောက်ခံသူများ၏ မျှော်လင့်ချက်များ ပြည့်ဝလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်ဟု ဇန်နဝါရီ ၁၉ ရက်က ဝါရှင်တန်တွင် ၎င်းအား ထောက်ခံသူများနှင့် တွေ့ဆုံရာတွင် ထရမ့်က ပြောကြားခဲ့သည်။

သမ္မတဟောင်း ဂျိုးဘိုင်ဒင်လက်ထက်တွင် ချမှတ်ခဲ့သည့် လူဝင်မှုကြီးကြပ်ရေး၊ အခွန်စည်းကြပ်ရေးနှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ မူဝါဒများကို သိသာထင်ရှားစွာပြောင်းလဲပြီး သမိုင်းတွင်ရစ်မည့် အရှိန်အဟုန်နှင့် စွမ်းအားဖြင့် အမေရိကန်နိုင်ငံ ရင်ဆိုင်နေရသည့် ပြဿနာများကို ကိုင်တွယ်ဖြေရှင်းသွားမည်ဟု သမ္မတထရမ့်က ပြောကြားခဲ့သည်။ နိုင်ငံသားများအနေဖြင့် ဝမ်းသာအားရဖြစ်စေမည့် အမိန့်များ ထုတ်ပြန်မှုကို တွေ့မြင်ရစေမည်ဟု ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - စိုးသူရ

STOP AIDS

## အင်ဒိုနီးရှားနိုင်ငံ ဂျကာတာ စတော့ရှယ်ယာဈေးကွက်တွင် အပြည်ပြည်ဆိုင်ရာ ကာဗွန်အရောင်းအဝယ်စတင်ပြုလုပ်နိုင်ပြီ

**ဂျကာတာ ဇန်နဝါရီ ၂၀**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာ စတော့ရှယ်ယာဈေးကွက်တွင် အပြည်ပြည်ဆိုင်ရာ ကာဗွန်အရောင်းအဝယ်စတင်ပြုလုပ်နိုင်ပြီဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

တစ်ကမ္ဘာလုံးရှိ ကာဗွန်ဈေးကွက်နှင့် ချိတ်ဆက်ပြီးနောက် ယမန်နေ့တွင် ကာဗွန်အရောင်းအဝယ်ဈေးကွက်ကို ဖွင့်လှစ်လိုက်ခြင်းဖြစ်ရာ ရွှေ၊ ငွေ၊ စတော့များနှင့် နိုင်ငံတကာသုံးငွေကြေးများကဲ့သို့ပင် ကာဗွန်ကိုလည်း အွန်လိုင်းမှ တစ်ဆင့် ရောင်းဝယ်နိုင်မည်ဟု ဆိုသည်။

တစ်ကမ္ဘာလုံးတွင် ကာဗွန်အခြေပြုမီးခိုးငွေ့ထုတ်မှုပမာဏ အများဆုံးစာရင်းဝင် တစ်နိုင်ငံဖြစ်သည့် အင်ဒိုနီးရှား၌ ယင်းကာဗွန်ဈေးကွက်ဖွင့်လှစ်လိုက်သဖြင့် ပြည်တွင်းမှ အရောင်းအဝယ်သမားများ စိတ်လှုပ်ရှားနေကြောင်း ဂျကာတာအစုရှယ်ယာဈေးကွက်မှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ယင်းကာဗွန်ဈေးကွက်သည် ၂၀၅၀ ပြည့်နှစ်အမီ အင်ဒိုနီးရှားနိုင်ငံ၏ ကာဗွန်ထုတ်လွှတ်မှုကို အနည်းဆုံးအဆင့်အထိ လျှော့ချသွားမည်ဟူသော သမ္မတပရာဘိုဝိုဆူဘီယန်တို့က ရည်မှန်းချက်နှင့်လည်း ကိုက်ညီမှုရှိနေသည်။

လက်ရှိကမ္ဘာ့ဈေးကွက်တွင် ကာဗွန်ပေါက်ဈေးမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၀ နှင့် ၅၀ အကြားတွင် ရှိနေကြောင်း သိရသည်။

Mon







## အမေရိကန်တရားရုံးချုပ်က ဥပဒေကို ဆိုင်းငံ့လိုက်သဖြင့် တစ်တော့လူမှုကွန်ရက် ပြန်လည်အသက်ဝင်ခွင့်ရရှိ

**ဝါရှင်တန် ဇန်နဝါရီ ၂၀**

အမေရိကန်တရားရုံးချုပ်က တစ်တော့ပိတ်ပင်ရေးဥပဒေကို ဆိုင်းငံ့လိုက်သဖြင့် ဂူဂဲလ်နှင့် အက်ပဲလ်စတိုးများပေါ်တွင် တစ်တော့လူမှုကွန်ရက် ပြန်လည်အသက်ဝင်ခွင့်ရရှိခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အဆိုပါ အွန်လိုင်းစတိုးများထဲမှ ဖယ်ရှားခံခဲ့ရပြီးနောက် တစ်ရက်အကြာတွင် တစ်တော့ကို အမေရိကန်ပြည်ထောင်စု၌ ပြန်သုံးခွင့်ရခဲ့သဖြင့် ပုံမှန်သုံးနေကြသည့် အမေရိကန်နိုင်ငံသားများ ကျေနပ်မှုရရှိခဲ့သည်။

သမ္မတ ဂျိုးဘိုင်ဒင်လက်ထက်က ကွန်ဂရက်မှတစ်ဆင့် မဲခွဲဆုံးဖြတ်အတည်ပြုခဲ့သော တစ်တော့ ပိတ်ပင်ရေးဥပဒေကို အမေရိကန်တရားရုံးချုပ်က ဒေါ်နယ်လ်ထရမ့်၏ စေ့စပ်မှုအရ ဆိုင်းငံ့ပေးလိုက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

Mon

0-0-0-0

## အစ္စရေးနှင့် ဟားမတ်စ် ဓားစာခံများ အပြန်အလှန်လဲလှယ်မှုပြုလုပ် လူပေါင်း ၁၂၃ ဦး လွတ်မြောက်ခွင့်ရသဖြင့် ဝမ်းမြောက်နေကြ

**ဂါဇာ ဇန်နဝါရီ ၂၀**

ဇန်နဝါရီ ၁၉ နှင့် ၂၀ ရက်တွင် အစ္စရေးနှင့် ဟားမတ်စ် ဓားစာခံများအပြန်အလှန်လဲလှယ်မှုပြုလုပ်ကြရာ လူပေါင်း ၁၂၃ ဦး လွတ်မြောက်ခွင့်ရသဖြင့် နှစ်ဖက်စလုံးမှ ပြည်သူလူထုဝမ်းမြောက်နေကြကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဂါဇာစစ်ပွဲယာယီအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အရ ဇန်နဝါရီ ၁၉ ရက်တွင် ဟားမတ်စ်ဘက်မှ အစ္စရေး ဓားစာခံ ၃၃ ဦးကို ဦးစွာလွှတ်ပေးခဲ့ရာ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီနှင့် လခြမ်းနီအဖွဲ့မှ တာဝန်ရှိသူများက ထိုဓားစာခံများကို သွားရောက်လက်ခံပြီး အစ္စရေးအစိုးရ တာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးခဲ့သည်။

ဟားမတ်စ်ဘက်မှ လွှတ်ပေးလိုက်သဖြင့် လွတ်မြောက်လာသော ဓားစာခံများကို သက်ဆိုင်ရာ အစ္စရေးမိသားစုဝင်များက ကြိုဆိုခဲ့ကြရာ တစ်နိုင်ငံလုံး ပျော်ရွှင်ကြည်နူးခဲ့ရသည်။

ဇန်နဝါရီ ၂၀ ရက်တွင် အစ္စရေးဘက်က အမျိုးသမီးများနှင့် ကလေးသူငယ်အများစုပါဝင်သော ဓားစာခံအကျဉ်းသား ၉၀ ဦးကို လွှတ်ပေးခဲ့ရာ ၎င်းတို့ကို အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီက စီစဉ်ပေးသော ဘတ်စ်ကားများဖြင့် အနောက်ဘက်ခြမ်းဒေသ ရာမာလာမြို့သို့ အရောက်ပို့ပေးခဲ့သည်။

လွတ်မြောက်လာသော ပါလက်စတိုင်းအရပ်သားများထဲတွင် အမျိုးသမီး ၆၉ ဦးနှင့် အသက် ၁၂ နှစ်အထိ ငယ်ရွယ်သော ကလေးသူငယ် ၂၁ ဦး ပါဝင်သည်။

၎င်းတို့လွတ်မြောက်လာသဖြင့် ရာမာလာ၊ ဂါဇာနှင့် အခြားပါလက်စတိုင်းမြို့များတွင် ဒေသခံများ ထောင်နှင့်ချီ၍ စုဝေးကာ အောင်ပွဲခံခဲ့ကြောင်း သိရသည်။

Mon

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၉) သင်တန်းဖွင့်ပွဲများ တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပ

နေပြည်တော်　ဇန်နဝါရီ　၂၀

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၉)တွင်ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ရောက်ရှိ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၉) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၉) မှ သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးစဉ်။

### သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ပစ္စည်းများပေးအပ်

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၉)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁)ကို ၂၀၂၄ ခုနှစ် ဧပြီလ ၈ ရက်မှ စတင်၍ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၉)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါသည် -

**မောင်ဝင်းပိုင်ဖြိုး**

သင်တန်းတက်ရောက်ဖြစ်တာကတော့ အသက် ၁၈ နှစ်ကနေ ၃၅ နှစ် အသက်ပြည့်တဲ့အတွက် စစ်မှုထမ်းဥပဒေအရ လာရောက်တက်ရောက်ဖြစ်တာပါ။ သင်တန်းမှာသင်ကြားသွားမယ့် ဘာသာရပ်တွေကတော့ ထုတ်ပြန်ထားတဲ့ စည်းကမ်းနဲ့အညီ လိုက်နာသွားပါမယ်။ နိုင်ငံတော်ကပေးအပ်တဲ့ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်သွားပါမယ်။ သင်တန်းမတက်ခင်မှာတော့ ကိုယ်မရောက်ဘူးတဲ့နေရာဆိုတော့ စိတ်လှုပ်ရှားပါတယ်။ ရောက်လာတော့လည်း သူ့ဟာနဲ့သူ အဆင်ပြေအောင် နေတတ်ထိုင်တတ်ပါတယ်။ အပြင်မှာတော့ ကိုယ်နေချင်သလိုနေ ကိုယ်အိပ်ချင်သလိုအိပ် နေတာထိုင်တာစားတာသောက်တာ အားလုံးစည်းကမ်းနဲ့ အလုပ်လုပ်ရတာဆိုတော့အများကြီးကွာခြားပါတယ်။ နောက်ဆုံး အိပ်ချိန်စားချိန်ရေချိုးချိန်ကအစ အားလုံးသူ့စည်းသူ့ကမ်းနဲ့ နေရပါတယ်။

စာမျက်နှာ ၁၀ သို့ ☆






ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၉) မှ သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးစဉ်။



ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၉) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။



ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၉) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၉/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား သွားရောက်တွေ့ဆုံအားပေး



နေပြည်တော် ဇန်နဝါရီ ၂၀

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၉/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ယနေ့မွန်းလွဲပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဗိုလ်ချုပ်ကြီး ဖေယျာသီရိခန်းမ၌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းမှူးဗိုလ်မှူးချုပ် မျိုးမင်းထွေးနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ အမှာစကားပြောကြားသည်။

ထိုသို့တွေ့ဆုံရာတွင်ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၉/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် အသုံးဆောင်ပစ္စည်းများ ဂုဏ်ပြုပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများအား လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ သတင်းစဉ်

✰ စာမျက်နှာ ၉ မှ

**မောင်ကျော်ဝင်းထွန်း**



နိုင်ငံတော်ကာကွယ်ဖို့အတွက်ရယ် ယောက်ျားကောင်း ယောက်ျားမြတ်တွေဖြစ်ဖို့အတွက် ဒီသင်တန်းကို တက်ရောက်ဖြစ်တာပါ။ စည်းကမ်းပိုင်းဆိုင်ရာ အကျိုးကျေးဇူးတွေရရှိသလို ရှေ့ဆက်လျှောက်ရမဲ့ အနာဂတ်အတွက်လည်း ထွန်းလင်းတောက်ပမှုတွေ ဖြစ်လာမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ လက်နက်နဲ့ စစ်ရေးပြကို တတ်မြောက်တဲ့အတွက် အမျိုးဘာသာသာသနာကိုလည်း ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။ တစ်ချိန်တုန်းက တပ်မတော်သားတွေရဲ့ ဘဝကို မသိတဲ့အတွက် သူများပြောတာတွေကို ယုံကြည်မိခဲ့ပါတယ်။ အခု တပ်မတော်ယူနီဖောင်းကို ဝတ်လိုက်တဲ့အတွက် တပ်မတော်သားတွေရဲ့ အရာအားလုံးကို ကိုယ်ချင်းစာမိပါတယ်။ သူများတွေ ပြောသလို မဟုတ်ဘူးဆိုတာ ကျွန်တော်ယုံကြည်လာပါတယ်။ နောက်အပတ်စဉ်တက်မယ့် လူငယ်တွေ အားလုံး မြန်မာနိုင်ငံအတွင်းမှာနေတဲ့ နိုင်ငံသားအားလုံးမှာ တာဝန်ရှိတယ်လို့ ယုံကြည်ပါတယ်။



**မောင်နေမျိုးဇော်**

ယုံကြည်ချက်၊ ခံယူချက်ကတော့ ပြည်သူ့စစ်မှုထမ်း မဖြစ်ခင်ကတည်းက တက်ချင်နေတာပါ။ ဘာဖြစ်လို့ ဆိုတော့ ကျွန်တော်က နိုင်ငံသားတစ်ယောက်ဖြစ်နေတဲ့အတွက် တပ်မတော်ထဲကို ဝင်ရောက်ဖို့ အရင်ကလည်း စိတ်ပါနေတာပါ။ လာမယ့် ညီငယ်တွေကိုလည်း ပြောခဲ့ပါတယ်။ ငါစစ်မှုထမ်းဖို့သွားမယ်။ မင်းတို့ စိတ်ဓာတ်တက်ကြွရင်လာခဲ့။ အဆင်သင့်ရှိနေမှာပါ။ ကျွန်တော့်ခံယူချက်ကတော့ တစ်နိုင်ငံလုံး ကျွန်တော့်လိုမျိုးစိတ်ဓာတ်ရှိမယ်ဆိုရင် ဘာသာ၊ သာသနာ၊ လူမျိုး သုံးခုလုံးကို ကာကွယ်နိုင်တဲ့ အကျိုးကျေးဇူးတွေရှိနိုင်မှာပါ။ ဒီနိုင်ငံမှာမွေးပြီး ဒီနိုင်ငံမှာ ကြီးလာတဲ့ လူတိုင်းဟာ ဒီလိုဖြစ်သင့်တယ်။ လုပ်လည်း လုပ်သင့်တယ်။ နိုင်ငံကို ကာကွယ်ဖို့အတွက် ဒီတိုင်း နေရင် အကျိုးမရှိဘူး။ အဲဒါကြောင့် နိုင်ငံတော်က ပြည်သူ့စစ်မှုထမ်းဥပဒေကို ထုတ်ပြန်တာလည်း ကောင်းတယ်။ ပြောမယ်ဆိုရင်တော့ နိုင်ငံတော် ကာကွယ်ဖို့ လူငယ်တိုင်းမှာ တာဝန်ရှိပါတယ်။ တာဝန်လည်း ကျေသွားပါတယ်။ သတင်းစဉ်

# အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဇန်နဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာ ရေးကော်မတီ၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါး များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ယနေ့ နံနက် ၇ နာရီတွင် မဟာအောင်မြေမြို့နယ်၊ ၅၈ လမ်း၊ ၃၈လမ်းနှင့် ၃၉လမ်း ကြားတွင် ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချပေးမည့် အစီအစဉ်များမှာ ဇန်နဝါရီ ၂၁ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ အကွက်(ဈ-၁ နှင့် ၂ ကြား)၊ ၆၁ လမ်းနှင့် ၁၀၇လမ်းထောင့်၊ မြို့သစ် (၃)ရပ်ကွက်၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန တောင်ဘက်တွင် လည်းကောင်း၊ ဇန်နဝါရီ ၂၂ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ်(၅၈၉-က)၊ ကွက်သစ်ထိန်ကုန်းရပ်ကွက်၊ မဇင်သိန်းလမ်းနှင့် ဈေးလမ်းထောင့်တွင်လည်းကောင်း၊ ဇန်နဝါရီ ၂၄ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂ လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးသွားမည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှု အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာ ဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှ ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ (အောက်ပုံ)

(မန္တလေးနေ့စဉ်-၆)



# နတ်တလင်းမြို့နယ် ဆီဆုံကုန်းကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး ပြည်သူ ၁၀ ဦးကျော်ကို သတ်ဖြတ်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် လှုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၀

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ဆီဆုံကုန်းကျေးရွာကို ဇန်နဝါရီ ၁၅ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး ပြည်သူ ၁၀ ဦးကျော်ကို ဖမ်းဆီးသတ်ဖြတ်ခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများဖြင့် လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် လှုံ့ဆော်ဝါဒဖြန့်ဝေနေလျက်ရှိသည်ကို တွေ့ရှိရသည်။




အဆိုပါ သတင်းနှင့်ပတ်သက်၍ နတ်တလင်းမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် နတ်တလင်းမြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၆ ရက်က ဆီဆုံကုန်းကျေးရွာနှင့် အနီးတစ်ဝိုက်တွင် နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့သော်လည်း အပြစ်မဲ့ပြည်သူများကို ဖမ်းဆီးသတ်ဖြတ်ခြင်းမရှိဘဲ တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန် မြေပြင်ဖြစ်စဉ်များနှင့်ကွဲလွဲနေသည့်သတင်းတု၊ သတင်းအမှားများကို လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

# မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ပဌမအကြိမ် ထုတ်ချေး

**မိတ္ထီလာ ဇန်နဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြင်းကန်အုပ်စု၊ အိုင့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပဌမအကြိမ် ထုတ်ချေးခြင်းများကို ယမန်နေ့ မွန်းလွဲပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးရဲအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီး စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အိုင့်ကျေးရွာရှိ စိုက်ပျိုးရေး ၁၆ ဦးအတွက် ငွေကျပ် ၁၁ ဒသမ ၉ သန်း၊ မွေးမြူရေး ၂၅ ဦးအတွက် ငွေကျပ် ၁၃ သန်း၊ သက်မွေးလုပ်ကိုင်သူ ၅၆ ဦးအတွက် ငွေကျပ် ၁၉ ဒသမ ၆ သန်း၊ စုစုပေါင်း ၉၇ ဦးအတွက် ငွေကျပ် ၄၄ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(၄၆၉)

# နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်က တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ တိုင်းဦးစီးမှူးများအား တွေ့ဆုံ၍ ထပ်ဆင့်ရှင်းလင်း

**မန္တလေး ဇန်နဝါရီ ၂၀**

စီးပွားရေးရာကော်မတီအစည်းအဝေးအမှတ်စဉ် ၁/၂၀၂၅နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် ၁/၂၀၂၅ တို့တွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်က တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာတိုင်းဦးစီးမှူးများအား တွေ့ဆုံ၍ ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။



ထိုသို့ တွေ့ဆုံပြောကြားရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအား ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဦးစီးမှူးများအား ခေါ်ယူတွေ့ဆုံ ပြောကြားခြင်းဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ဆောင်ရွက်ပြီးခဲ့သည့်လုပ်ငန်းများနှင့် ပတ်သက်၍ အားနည်းချက် အားသာချက်များကို ပြန်လည်သုံးသပ်ကာ ကြုံတွေ့နေရသည့် အခြေအနေများကို ပွင့်လင်းမှန်ကန်စွာတင်ပြစေချင်လိုပါကြောင်း၊ နိုင်ငံတော်က လျှပ်စစ်ဓာတ်အားလိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်ရန် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်ဖွဲ့စည်းပြီး လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍနှစ်ရပ်စလုံးဖွံ့ဖြိုးတိုးတက်ရေး အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးနိုင်မည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုလာဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ပိုမိုတွင်ကျယ်စွာအသုံးပြုလာနိုင်ရေး ကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME ကဏ္ဍများတွင် ပန်းတိုင်ရည်မှန်းချက်များပြည့်မီရေး နိုင်ငံတော်၏မူဝါဒများကို အောင်မြင်စွာ အကောင်အထည်ဖော်လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လူ့စွမ်းအား အရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကအခန်းကဏ္ဍတစ်ခုတွင် ပါဝင်ပါကြောင်း၊ မကြာမီအခြေခံပညာစာမေးပွဲများ၊ တက္ကသိုလ်ဝင်တန်း စာမေးပွဲများ ကျင်းပတော့မည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများ ပညာသင်နှစ် နောက်ကျမကျန်စေရေးအတွက် ရာနှုန်းပြည့်ဖြေဆိုနိုင်ရေး၊ အကြောင်းအမျိုးမျိုးကြောင့် နေရပ်စွန့်ခွာ ကျောင်းသား၊ ကျောင်းသူများ အခက်အခဲမရှိ ဖြေဆိုနိုင်ရေး ဝိုင်းဝန်းကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အသက်အရွယ်အလိုက် ကျောင်းတက်ရောက်နိုင်ရေး၊ တန်းစဉ်ကူးပြောင်းမှု လျော့နည်းမသွားရေး၊ ဆရာ၊ ဆရာမများ အရည်အသွေးတိုးတက်မြင့်မားရေးတို့တွင်လည်း အလေးထားကာ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်က ကျန်းမာရေးကဏ္ဍတွင် အဖက်ဖက်မှ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးနေပါကြောင်း၊ တိုင်းဦးစီးမှူးများအနေဖြင့် ကဏ္ဍအလိုက်တာဝန်ယူဆောင်ရွက်နေသည့်လုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့် နိုင်ငံတော်၏ မူဝါဒများ၊ ရည်မှန်းချက်များအတိုင်း လေးစားလိုက်နာကာ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိ သူများက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များအား ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး တိုင်းဦးစီးမှူးများအား ဖြည့်စွက်ဆွေးနွေး အကြံပြုပြောကြားပြီးနောက် တိုင်းဒေသကြီး ဦးစီးမှူးများက လုပ်ငန်းများဆောင်ရွက်ခဲ့မှု၊ ဆောင်ရွက်ဆဲ၊ ဆက်လက် ဆောင်ရွက်မည့် အစီအမံများနှင့် ကြုံတွေ့ခဲ့ရသည့်အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် ဆွေးနွေးအကြံပြုချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၉၀၀၀ကျော်ဧက စိုက်ပျိုးပြီးစီး



**ရမည်းသင်း ဇန်နဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၉၀၀၀ ကျော်ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲစိုက်ပျိုးရန် ၄၈၀၀လျာထားပြီး ၂၀၂၄ခုနှစ် အောက်တိုဘာလမှစ၍ စိုက်ပျိုးခဲ့ရာ ယနေ့ချိန်တွင် ဆောင်းကုလားပဲစိုက်ဧက ၉၀၀၀ကျော်ကို စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ စိုက်ပျိုးနိုင်ခြင်းကြောင့် ပြည်တွင်းစားသုံးမှုကိုလည်း တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ရမည်းသင်းမြို့နယ်မှာ ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ ကုလားပဲဧကကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးဆောင်ရွက်နိုင်ခဲ့ပါတယ်။ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာ စတာတွေကို စိုက်ပျိုးရေးတောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးပါတယ်။ ယခုနှစ်ဆောင်းကုလားပဲ စိုက်တောင်သူများရဲ့ စိုက်ခင်းတွေကို အောင်မြင်ဖြစ်ထွန်းစေဖို့၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေဖို့နဲ့ ပေါင်းမြက်များ ကင်းရှင်းစေဖို့တို့အတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းတွေက တောင်သူတွေ စိုက်ပျိုးထားရှိတဲ့ စိုက်ခင်းတွေအထိ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ပေးတာတွေ ရှိပါတယ်"ဟု ၎င်းက ရှင်းပြသည်။

အဆိုပါမြို့နယ်တွင် ကုလားပဲစိုက်ပျိုးရာ၌ ဒေသနှင့် ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် မျိုးတို့ကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ဆောင်းရာသီ၌ ဆောင်းကုလားပဲစိုက်ဧကကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ကြောင်း စိုက်ပျိုးကြရာတွင် တောင်သူများမှ သီးသန့်စိုက်ပျိုးခြင်းများရှိသကဲ့သို့ နေကြာသီးနှံနှင့် လည်းညှပ်ပြီး စိုက်ပျိုးခြင်းများရှိကြောင်း သိရသည်။ (ဝ၇၃)

## တံတားဦးမြို့နယ်တွင် စားဖိုဆောင်သီးနှံ ပန်းဂေါ်ဖီ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း



**တံတားဦး ဇန်နဝါရီ ၂၀**

တံတားဦးခရိုင် တံတားဦးမြို့နယ် ဇီးပင်ကွေ့ကျေးရွာ၌ ဆောင်းသီးနှံရာသီတွင် ဒေသခံတောင်သူများ တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားသည့် ပန်းဂေါ်ဖီစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ဆောင်းသီးနှံရာသီတွင် အဆိုပါကျေးရွာ၌ ဒေသခံတောင်သူများသည် စားဖိုဆောင်သီးနှံများကို အားထားလုပ်ကိုင်ကြကြောင်း ဆောင်းသီးနှံများအနေဖြင့် ပန်းဂေါ်ဖီ၊ မုန်လာဥဖြူ၊ ချဉ်ပေါင်၊ ကန်စွန်းရွက်၊ ခရမ်းသီး၊ ငရုတ်၊ ကြက်သွန်၊ မြေပဲပန်းနှင့် နံနံပင်တို့ကို စိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ ယခုအခါ တစ်ပိုင်တစ်နိုင်စိုက်ပျိုးထားသည့် ပန်းဂေါ်ဖီ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အရင်က စိုက်ပျိုးသူ နည်းပါးကာ နောက်ပိုင်းတွင် စိုက်ပျိုးသူများပြားလာကြောင်း ပန်းဂေါ်ဖီစထွက်ချိန်တွင် တစ်ထုပ်ကို ဒေသပေါက်ဈေး ပန်းဂေါ်ဖီတစ်ထုပ်လျှင် ငွေကျပ် ၁၀၀၀ရရှိပါကြောင်း၊ စိုက်ခင်းတစ်ဧကလျှင် ပန်းဂေါ်ဖီထုပ် တစ်သောင်းထွက်ရှိနိုင်ကြောင်း၊ တောင်သူအချို့မှာ မိမိစိုက်ပျိုးထားသော ဆောင်းသီးနှံများကို ကုန်သည်ပွဲစားများထံသို့ ပြန်လည်ရောင်းချကြကြောင်း ဇီးပင်ငွေ့ကျေးရွာ ဆောင်းသီးနှံ စိုက်ပျိုးသူ ဦးထွန်းထွန်းထံမှ သိရသည်။

ပန်းဂေါ်ဖီစိုက်ပျိုးရေးလုပ်ငန်းသည် စစိုက်ပြီးအချိန်မှစ၍ သုံးလခန့်အကြာတွင် ခူးဆွတ်ရောင်းချနိုင်ကြောင်း၊ ဒေါ့အပြင် ထွက်ရှိလာသော ပန်းဂေါ်ဖီများကို ကုန်သည်ပွဲစားများမှ လက်လီရောင်းချသူများထံသို့ ပြန်လည်ရောင်းချပေးကြောင်း သိရသည်။

ဦးရဲတင့်(ပြန်/ဆက်)

ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ

• မန္တလေးမြို့တော် သန့်ရှင်းရမည်။
• မန္တလေးမြို့တော် သာယာလှပရမည်။
• မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

## ပုပ္ပားတောင်ဘေးမဲ့တောဥယျာဉ်တွင် အပန်းဖြေရင်း ရွှေသမင်များ လာရောက်ကြည့်ရှု လေ့လာနိုင်



**ညောင်ဦး ဇန်နဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၏ အရှေ့မြောက်ဘက်သ၁ မိုင်ခန့်အကွာတွင် ကမ္ဘာကျော် မီးငြိမ်းတောင်ဖြစ်သည့် ပုပ္ပားတောင် ပရဆေးဥယျာဉ်အနီး ရွှေသမင်ဘေးမဲ့တောဥယျာဉ်တွင် ရွှေသမင်များ လာရောက်လေ့လာနိုင်သည်။

အဆိုပါ ရွှေသမင်ဘေးမဲ့တောဥယျာဉ်ကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ သဘာဝပတ်ဝန်းကျင်နှင့်သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနက ထိန်းသိမ်းကာကွယ်ခြင်းများ ဆောင်ရွက်နေသည့် နေရာဖြစ်ပြီး ရွှေသမင်များ၊ ဆတ်များ ကျင်လည်ကျက်စားနေသည့် နေရာတွင် စန္ဒကူးတောရှိပြီး ၁၇ ဧက ခန့်ကျယ်ဝန်းသည့် စန္ဒကူးတောနှင့် ရွှေသမင်၊ဆတ်နှင့် စန္ဒကူးပင်များ စိုက်ပျိုးထိန်းသိမ်းထားရှိသည်။

စန္ဒကူးပင်များအား ၁၉၅၇-၅၈ ခုနှစ်တွင် သစ်တောမင်းကြီးဟောင်းဦးစုမှ ပေ ၂၀ ခြား အကွာအဝေးဖြင့် ၂၅ ပင် စိုက်ပျိုးခဲ့ကြောင်း ထိုစန္ဒကူးပင်များမှ အသီးများကို ငှက်များ ကစားသုံး၍ မစင်စွန့်ပစ်ရာမှ အပင်ငယ်လေးများ ပေါက်လာပြီး ယနေ့မြင်တွေ့ရသော စန္ဒကူးတောပေါ်ပေါက်လာကြောင်း၊ မြန်မာ့ရွှေသမင်များအား စန္ဒကူးတောအတွင်း ထိန်းသိမ်းလျက်ရှိသည်။

မြန်မာ့ရွှေသမင်များထားရှိရာ စန္ဒကူးတောသို့ ပုပ္ပားကျေးရွာမှ တောင်ကလပ်သို့သွားရာလမ်းတွင် ပုပ္ပားတောင်ဥယျာဉ်အဝင်ဝမှ စတင်ဝင်ရောက်နိုင်ပြီး ပရဆေးဥယျာဉ်အနီးတွင်တည်ရှိကာ သဘာဝအတိုင်းတည်ရှိနေသော နွယ်ကြိုးပင်များ၊ စန္ဒကူးပင်များနှင့် တောတောင်သဘာဝအလှများဖြင့် ရှုမငြီးဖွယ် မြင်တွေ့နိုင်သည်။ ဘေးမဲ့တောဥယျာဉ်ထဲတွင် ရွှေသမင်အမ ၁၁ ကောင်၊အထီးလေးကောင်နှင့်ဆတ်အထီးတစ်ကောင်နှင့် အမလေးကောင်ဖြစ်ပြီး ရွှေသမင်များနှင့် ဓာတ်ပုံရိုက်ကူးနိုင်ကာ ကြီးမားသောနွယ်ကြိုးများပေါ်တွင် သဘာဝအတိုင်း ဒန်းစီးနိုင်ခြင်းနှင့် မိသားစုလိုက်သော်လည်းကောင်း၊ သူငယ်ချင်းများနှင့်သော်လည်းကောင်း လာရောက်အပန်းဖြေလာရောက် လည်ပတ်နိုင်ကြောင်း၊ ပုပ္ပားတောင်ဘေးမဲ့တောဥယျာဉ်သည် ၁၇ ဧကအကျယ်အဝန်းရှိပြီး ဥယျာဉ်ထဲရှိ ရေကန်ကြီးထဲတွင် ရွှေသမင်၊ ဆတ်များ ရေသောက်ချိန် အပန်းဖြေရင်း ကြည့်ရှုနိုင်ကာ သဘာဝအလှအပများကို ခံစားကြည့်ရှုနိုင်ကြောင်းနှင့် ရွှေသမင်များအစားအစာကျွေးနိုင်ကြောင်း ရွှေသမင်များသည်ဖွဲနု၊ မယားနင်းရွက်၊ ကြောင်ထောက်ရွက် (ကြောင်ရာပင်မျိုးနွယ်)၊ ငှက်ပျောသီးတို့ကိုလည်း အစာပြေဖြစ်စေ၊အဝဖြစ်စေ ဘူဖေးကျွေးမွေးနိုင်ကြောင်း၊ ဘူဖေးတစ်ခါကျွေးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ကျွေးမွေးနိုင်ပြီး ပုပ္ပားတောင်ဥယျာဉ်အုပ်ချုပ်ရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အုန်းကျော် KBZ PAY ဖုန်းနံပါတ် ၀၉-၂၅၄၀၂၈၉၈၄ သို့ ဆက်သွယ်၍ ကျွေးမွေးလှူဒါန်းနိုင်ကြောင်း၊ မြန်မာ့ရွှေသမင်များ၏ မူလနေ ထိုင်ကျက်စားရာနေရာသည် မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စကုမြို့နယ် ရွှေစက်တော်ဘေးမဲ့တော ဥယျာဉ်ဖြစ်ကြောင်းလည်း လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အုန်းကျော်ထံက သိရသည်။

(အပေါ်ဝဲပုံ)

(၄၈၁)

၀-၀-၀-၀-၀-၀-၀

## အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ အသိပညာပေးဆွေးနွေး



**မိတ္ထီလာ ဇန်နဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ဆွေးနွေးပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်တင်မိုးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် ဦးစီးမှူးရုံး၊ ခရိုင်ဦးစီးမှူး ဦးဇော်မင်းက စားသုံးသူ၏အဓိပ္ပာယ်၊ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းအဓိပ္ပာယ်၊ အွန်လိုင်းစနစ်ဖြင့် ရောင်းချသူများအနေဖြင့် မှတ်ပုံတင်လျှောက်ထားရန်အတွက် ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီမှတ်ပုံတင်လက်မှတ်SMEsမှတ်ပုံတင်လက်မှတ်များ တင်ပြရန်လိုအပ်ပြီး တစ်ဦးချင်းဖြစ်ပါက တင်ပြရန်မလိုအပ်ပါကြောင်း၊ ရောင်းချမည့် ဆိုင်လိပ်စာ မှန်ကန်ကြောင်း ရပ်ကွက်ထောက်ခံစာနှင့် ရဲစခန်းထောက်ခံစာ၊ လိုင်စင်ဓာတ်ပုံ၊ Online Sale Owner ၏ မှတ်ပုံတင်၊ နေထိုင်ကြောင်းလိပ်စာမှန်ကန်ကြောင်း၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ Online Sale Lago များ ပြင်ဆင်ထားရန် လိုအပ်ကြောင်း Online Sale လျှောက်ထားရာတွင် email သို့မဟုတ် Mobile Phone Number ဖြင့် Sing Up (Register) ပြုလုပ်၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အွန်လိုင်းစနစ်ဖြင့် မှတ်ပုံတင်နိုင်ကြောင်းနှင့် www.eComreg.gov.mm မှတစ်ဆင့် မှတ်ပုံတင်လျှောက်ထားနိုင်ကြောင်း၊ Online Shopping မှတ်ပုံတင်လျှောက်ထားခြင်းမရှိဘဲ Onlineမှ ရောင်းဝယ်မှုပြုလုပ်ခြင်းများ တွေ့ရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေအရပုဒ်မ (၅)အရ အရေးယူခံရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာန၊မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် ဦးစီးမှူးရုံး၊ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၆၉)

## လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဉာဏစွမ်းရည်ပြိုင်ပွဲများ ကျင်းပ



**မိုင်းဆတ် ဇန်နဝါရီ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲက အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ဉာဏစွမ်းရည်ပြိုင်ပွဲ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများအား ရှင်းလင်းပြောကြားပြီး ဉာဏ်စမ်းပြိုင်ပွဲနှင့် အရုပ်ဆက်ပြိုင်ပွဲ ကျင်းပရာ အခြေခံပညာအထက်တန်းကျောင်း (မိုင်းဆတ်)မှ ကျောင်းသား၊ ကျောင်းသူ ၁၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိသူများအား တာဝန်ရှိသူတို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ ပြိုင်ပွဲများကို ကျောင်းသား၊ ကျောင်းသူများ ဉာဏ်ရည်၊ ဉာဏ်သွေးထက်မြက်စေရန်၊ နောင်တစ်ချိန်တွင် နိုင်ငံတော်က အားကိုးအားထားပြုရမည့် လူရည်ချွန်၊ လူရည်မွန်များ ဖြစ်ပေါ်လာစေရန်နှင့် စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရရှိကာ စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိလာစေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကျဆင်း

စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း ယခုတစ်ပတ်မှာ ဈေးအနည်းငယ်ပြန်ကျဆင်းလာရာ တစ်ပိဿာလျှင် ငွေကျပ် ၇၂၅၅ ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။

ပြီးခဲ့သည့်တစ်ပတ် ဇန်နဝါရီ ၁၃ ရက်မှ ၁၉ ရက်အထိ စားအုန်းဆီရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးသည် တစ်ပိဿာလျှင် ငွေကျပ် ၇၂၈၀ ဖြစ်ခဲ့ပြီး ယခုတစ်ပတ် ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ ရည်ညွှန်းဈေးမှာ ငွေကျပ် ၇၂၅၅ ဖြစ်သဖြင့် ငွေကျပ် ၂၅ ဈေးကျသွားခြင်း ဖြစ်သည်။


စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်၊ ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်း ဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိက ထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၅)

၀-၀-၀-၀-၀-၀-၀



## ဆေးကုသခြင်းနှင့် စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်လုပ်ငန်း ကွင်းဆင်းဆောင်ရွက်

**မိုင်းယောင်း ဇန်နဝါရီ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်တွင် တိုင်းရင်းဆေးကုဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ယမန်နေ့ နံနက်ပိုင်းက ဟောင်ကြန့်ကျေးရွာအုပ်စု၊ ယမ်းခမ်းကျေးရွာ၌ ဆေးကုသခြင်းနှင့် စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်လုပ်ငန်း ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ တိုင်းရင်းဆေးကုဌာန မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်သီတာအောင်က ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန ကွင်းဆင်းဆေးကုသခြင်းနှင့် စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်လုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒုတိယတိုင်းရင်းဆေးမှူးဒေါ်အေးသစ္စာက ကျန်းမာရေးနှင့် တိုင်းရင်းဆေးအကြောင်း သိကောင်းစရာများ ဟောပြောခဲ့သည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်နန်းပန်၊ ရုပ်သံကျွမ်းကျင်(၃) ဒေါ်နန်းစီဖေါင်း၊ စာကြည့်တိုက်လက်ထောက်(၃) ဒေါ်ဝေဝေခိုင်နှင့် အငယ်တန်းစာရေး ဦးထွန်းမြင့်လှိုင်တို့က စာကြည့်တိုက်နှင့် စာအုပ်စာပေ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး၊ MSME နှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ သိကောင်းစရာများကို ဟောပြောခဲ့ကြသည်။

ထို့နောက် မြို့နယ်တိုင်းရင်းဆေးမှူးနှင့် ဝန်ထမ်းများက ဒေသခံပြည်သူများအား တိုင်းရင်းဆေးဖြင့် ဆေးကုသပေးပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများက အသိပညာပေး နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ စာအုပ်ပြပွဲများကို ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

**ဝေဝေခိုင်(ပြန်/ဆက်)**

## ယခုနှစ်ထွက်ရှိလာသည့် ရာသီပေါ်သီးနှံဆီးသီးများ အရောင်းအဝယ်သွက်လက်၍ ဈေးကောင်းရရှိနေ

**မန္တလေး ဇန်နဝါရီ ၂၀**

ယခုရာသီတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်များမှ စတင်ထွက်ရှိလာသည့် ရာသီပေါ်သီးနှံဆီးသီး(ထိုင်ဝမ်သီး)များ အရောင်းအဝယ်များ သွက်လက်၍ ဈေးကောင်းရရှိနေကြောင်း အဆိုပါ မြို့နယ်များမှ ဆီးသီးစိုက်ပျိုးသူ တောင်သူများမှ ပြောပြသည်။

လက်ရှိအချိန်တွင် ပြည်တွင်းဈေးကွက်အတွင်းသို့ တင်ပို့ရောင်းချနေရာတွင် ဆီးသီးအလုံးကြီးရှယ်စတစ်ဖာလျှင် ငွေကျပ် ၂၀၀၀၀၊ ဒုတိယတန်းစား ဆီးသီးအသေးတစ်ဖာလျှင် ငွေကျပ် ၁၅၀၀၀၊ ဆီးသီးအသေးဆိုပါက တစ်ဖာလျှင် ငွေကျပ် ၁၂၀၀၀ ဈေးတို့ဖြင့် ရောင်းချနေရကြောင်း၊ ရောင်းချရာတွင် ဝယ်လက်ပွဲစားများအပြိုင်လုဝယ်နေကြသည့်အတွက် အရောင်းအဝယ်များ သွက်လက်ကာ ဈေးကောင်းရရှိသည်။

"ဒီနှစ်ကတော့ ဆီးသီးပေါ်ဦးပေါ်ဖျားအချိန်မှာ ဈေးကောင်းရရှိနေပါတယ်။ အလုံးအကြီး၊ အလတ်၊ အသေးခွဲပြီးတော့ သူ့ဈေးနှုန်းနဲ့သူ ရောင်းချနေရပါတယ်။ ထွက်ရှိမှုကတော့ ဇန်နဝါရီနဲ့ ဖေဖော်ဝါရီတို့ဆိုရင် လှိုင်လှိုင်ထွက်ပေါ်ပါတယ်။ ထိုင်ဝမ်ဆီးသီးတွေကို အများဆုံး စိုက်ပျိုးထားပါတယ်။ ဆီးသီးကိုတော့ စားသုံးသူတွေအပြင်၊ အချဉ်ပေါင်းလုပ်ငန်းတွေ၊ ယိုစုံလုပ်ငန်းတွေက အများဆုံး ဝယ်ယူအသုံးပြုကြပါတယ်။ ဒီနှစ်က အထွက်နှုန်းနည်းပေမယ့် စထွက်ထွက်ခြင်းမှာ ဝယ်လိုအားကောင်းတဲ့အပြင် ဈေးနှုန်းလည်း ကောင်းနေတယ်။ ဆီးသီးက တစ်နှစ်ပတ်လုံးမှ တစ်ခါပဲ ခူးရပါတယ်။ ဒီနှစ်မှာ ဆီးသီးရောင်းချရတာ အဆင်ပြေလို့ ဝမ်းသာနေကြပါတယ်"ဟု ဆည်တော်လေးကျေးရွာမှ ဆီးသီးစိုက်ပျိုးထုတ်လုပ် ရောင်းဝယ်ရေးပိုင်ရှင် ဦးမြင့်ဆွေက ပြောပြသည်။



ယခုနှစ်ထွက်ရှိလာသည့် ထိုင်ဝမ်ဆီးသီးများကို ပြည်တွင်းဈေးကွက်သို့ ဂျပ်ဖာများနှင့် ဆာလာအိတ်တို့ဖြင့်ခူးပြီး တင်ပို့ရောင်းချနေရကြောင်း၊ တင်ပို့ရောင်းချရာတွင် ရန်ကုန်နှင့် မန္တလေးမြို့များသို့ ရောင်းချရပြီး၊ ရန်ကုန်နှင့် မြန်မာပြည်အောက်ပိုင်းဒေသများသို့ အဓိကအများဆုံး တင်ပို့ရောင်းချနေရကြောင်း၊ လက်ရှိပေါက်ဈေးမှာ ဆီးသီးအမျိုးအစားပေါ်မူတည်၍ တစ်ဖာလျှင် ၁၂၀၀၀ ကျပ်မှ ၂၀၀၀၀ ကျပ်ထိ ရရှိနေကြောင်း၊ ပုသိမ်ကြီးမြို့နယ်အတွင်း ဆီးသီးစိုက်ဧကပေါင်း ၁၀၀ ကျော်ရှိပြီး၊ ဆီးသီးတစ်ဧကလျှင်ငွေကျပ်သိန်း ၈၀ နှင့် သိန်း ၁၀၀ ကြားရရှိကြကြောင်း သိရသည်။ (ဝဲပုံ)

(၀၇၃)

၀-၀-၀-၀-၀-၀



## စာဖတ်ရှိန်မြှင့်တင်ရေးနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ် ကံတက်ကုန်းဘုန်းတော်ကြီးသင် မူလတန်းလွန်ကျောင်း၌ ယမန်နေ့မွန်းလွဲပိုင်းက စာဖတ်ရှိန်မြှင့်တင်ရေးနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ရှေးဦးစွာ မဟာအောင်မြေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက အနာဂတ်လူငယ်မျိုးဆက်သစ်များကိုစာအုပ်များနှင့် ရင်းနှီးကျွမ်းဝင်မှုရှိလာပြီး စာပေတွင်မွေ့လျော်ကာ မိမိတို့၏ ကိုယ်ပိုင်အချိန်များကို အကျိုးရှိစွာ အသုံးချတတ်လာစေရန်၊ ဗဟုသုတ၊ ပါးတန်နှင့်ပြည့်စုံသော လူငယ်လူရွယ်များ ပေါ်ထွက်လာစေရန် ရည်ရွယ်ချက်များဖြင့် စာဖတ်ရှိန်မြှင့်တင်ရေးနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်သွယ်က လူငယ်နှင့်စာပေအကြောင်းကို ဟောပြောသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာပေးနံရံကပ်ပြဘုတ်များနှင့် သုတရသစာအုပ်များကို စိတ်ပါဝင်စားစွာဖြင့် လေ့လာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

(၀၅၆)

## ရွှေသူငွေး(အ-မ-က)ကျောင်း၌ မြို့နယ်တိုင်းရင်းဆေးကုဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုပေး

**မစ်သား ဇန်နဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ရွှေသူငွေးရပ်ကွက်အတွင်းရှိ ရွှေသူငွေး အ-မ-ကကျောင်း၌ ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများအား တိုင်းရင်းဆေးကုဌာနမှ နယ်လှည့် ကွင်းဆင်း ကျန်းမာရေးစောင့်ရှောက်ပေးမှုကို ယမန်နေ့ မွန်းလွဲပိုင်းက နယ်လှည့်ကွင်းဆင်းကုသပေးသည်။

အဆိုပါကွင်းဆင်းဆောင်ရွက်ပေးရာတွင် မြို့နယ်တိုင်းရင်းဆေးကုဌာန မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်စိုပြေဝင်းမှ ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများကို တစ်ကိုယ်ရေသန့်ရှင်းရေး၊ သွေးလွန်တုပ်ကွေးရောဂါ အကြောင်းနှင့် ဆောင်းရာသီတွင် အဓိကဖြစ်ပွားတတ်သော နှာစေး၊ ချောင်းဆိုးခြင်း၊ အစာမကြေခြင်း၊ သဲဝဲစားခြင်းနှင့် အရေပြားရောဂါများကိုကုသပေးခြင်း တိုင်းရင်းဆေး သောက်ဆေး၊ လိမ်းဆေး ပေးခြင်းများကို ကုသပေးခဲ့သည်။



မြစ်သားမြို့နယ် တိုင်းရင်းဆေးကုဌာန မြို့နယ်တိုင်းရင်းဆေးမှူးနှင့် ဝန်ထမ်းများက ကွင်းဆင်းကုသပေးစနစ်ဖြင့် မြို့ပေါ်ရှိစာသင်ကျောင်းများနှင့် ကျေးရွာအတွင်းရှိ စာသင်ကျောင်းများကိုလည်း သတ်မှတ်ရက်များအလိုက် နယ်လှည့်ကွင်းဆင်း ကုသပေး သွားမည်ဖြစ်ကြောင်း မြို့နယ်တိုင်းရင်းဆေးမှူးထံမှ သိရသည်။

(ဝဲပုံ)

**ဝင်းမင်းထွန်း (ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀

## ပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြို ပြိုင်ပွဲများကျင်းပမည်

**မိတ္ထီလာ ဇန်နဝါရီ ၂၀**

မိတ္ထီလာမြို့ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးဌာနနှင့် စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း ( Book Club ) တို့ ပူးပေါင်း၍ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အကြိုပြိုင်ပွဲများကို လူထုအခြေပြုဗဟိုဌာနခန်းမတွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများအနက် တက္ကသိုလ်နှင့် ဒီဂရီကောလိပ်အဆင့် ပြိုင်ပွဲများဖြစ်သည့် ဆောင်းပါးပြိုင်ပွဲအား ဖေဖော်ဝါရီ ၃ရက်၊ ကျပန်းစကားပြောပြိုင်ပွဲအား ဖေဖော်ဝါရီ ၄ရက်နှင့် ကဗျာရေးစပ်ပြိုင်ပွဲအား ဖေဖော်ဝါရီ ၅ ရက်တို့တွင်လည်းကောင်း၊ အခြေခံပညာ အဆင့်ပြိုင်ပွဲများဖြစ်သည့် အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲအား ဖေဖော်ဝါရီ ၃ရက်၊ အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲအား ဖေဖော်ဝါရီ ၅ရက်နှင့် မူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲအား ဖေဖော်ဝါရီ ၆ရက်တို့တွင် ကျင်းပသွားမည်ဖြစ်သည်။ ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သက်ဆိုင်ရာကျောင်းများ၏တာဝန်ရှိသူများမှတစ်ဆင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပြီး ပြိုင်ပွဲများတွင် ဆုရရှိသူကြသူများအား မိတ္ထီလာမြို့၌ ကျင်းပမည့်(၇၈)နှစ်မြောက်ပြည်ထောင်စုနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဆုများပေးအပ် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ (၄၄၅)

## ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၁၄၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ပွင့်ဖြူ ဇန်နဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၁၄၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၁၂၄ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ်အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကြက်သွန်နီ ၁၁၄၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ကြက်သွန်နီ ၁၁၂၄ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၁၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ကြက်သွန်နီ စိုက်ပျိုးတောင်သူတွေကို အထွက်နှုန်းတိုးတက်စေဖို့နဲ့ စားသုံးသူပြည်သူတွေ အစားအစာ ဘေးကင်းလုံခြုံစေဖို့အတွက် ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင် အောင်ဓာတု ကင်းလွတ်တဲ့ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ(GAP)စနစ်နဲ့အညီ စိုက်ပျိုးနိုင်အောင် လိုအပ်တဲ့ စိုက်ပျိုးရေးဆိုင်ရာနည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ယခုနှစ် ဆောင်းသီးနှံရာသီ၌ ပွင့်ဖြူမြို့နယ်အတွင်း ကြက်သွန်နီ စိုက်ပျိုးတောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းများကောင်းမွန်စေရေး၊ အစားအစာဘေးကင်းလုံခြုံသော အရေအသွေးကောင်း ကြက်သွန်နီများ စိုက်ပျိုးထွက်ရှိရေး စိုက်ပျိုးရေး နည်းပညာဆိုင်ရာ တောင်သူပညာပေးဆွေးနွေးပွဲများ၊ စိုက်နည်းစနစ်မှန်ကန်ရေး သရုပ်ပြပွဲများ ဆောင်ရွက်ပေးခြင်း၊ ပိုးမွှားရောဂါမကျရောက်စေရန် ကာကွယ်နှိမ်နင်းရေး အသိပညာပေးခြင်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်းနှင့် စိုက်ပျိုးထားသော ကြက်သွန်နီစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။



(ဝဲပုံ)

(၄၄၅)

# မန္တလေးတိုင်းဒေသကြီး ဖူဆယ်ဘောလုံးဆပ်ကော်မတီမှကြီးမှူး၍ Qualified Futsal Cup Mandalay 2025 ကျင်းပမည်



**မန္တလေး ဇန်နဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ဖူဆယ်ဘောလုံးဆပ်ကော်မတီမှ ကျင်းပမည့် RoyalD-Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲကျင်းပရေး မန်နေဂျာတွေ့ဆုံပွဲနှင့် အုပ်စုမဲခွဲခြင်းအခမ်းအနားကို ဇန်နဝါရီ ၁၈ရက် မွန်းတည့် ၁၂နာရီက Min Khant Myanmar Sports Complex ရှိ ကော်မတီအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး ဖူဆယ်ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဦးမျိုးဇာနည်ကိုနှင့် ကော်မတီဝင်များ၊ ပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူ၊ နည်းပြများ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဖူဆယ်ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ပြိုင်ပွဲကျင်းပရေးတာဝန်ခံ ဦးစောထွန်းမောင်က ပြိုင်ပွဲနှင့်ပတ်သက်သည့် စည်းကမ်းများကို ပြောကြားသည်။ ထို့နောက် ပြိုင်ပွဲဝင်အသင်းများ အုပ်စုမဲခွဲခြင်းများ ဆောင်ရွက်သည်။ ပြိုင်ပွဲကို ဇန်နဝါရီ ၂၆ရက်မှ စတင်၍ ပြိုင်ပွဲဝင် အသင်း ၃၄ သင်းဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ပထမဆု ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ငွေကျပ် ခုနစ်သိန်း၊ တတိယဆု ငွေကျပ် ငါးသိန်း၊ အကောင်းဆုံးကစားသမား ငွေကျပ် တစ်သိန်း၊ အကောင်းဆုံးဂိုးသမား ငွေကျပ် တစ်သိန်း အသီးသီးဆုချီးမြှင့်မည်။

ပြိုင်ပွဲကို ပထမအဆင့်အုပ်စုပတ်လည်စနစ်၊ ဒုတိယအဆင့် ရှုံးထွက်စနစ်ဖြင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ပထမ၊ ဒုတိယရရှိသောအသင်းများက မန္တလာဖူဆယ်လိဂ် ၂၀၂၅ သို့ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)(ဝ၄၅)**

# အခြေခံပညာမူလတန်းအဆင့် Grade -5 သင်ကြားသင်ယူမှု အရည်အသွေးမြင့်မားရေးဆွေးနွေးပွဲ ကျင်းပ

**ဆီဆိုင် ဇန်နဝါရီ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ အခြေခံပညာမူလတန်းအဆင့် Grade-5 သင်ကြားသင်ယူမှု အရည်အသွေးမြင့်မားရေးဆွေးနွေးပွဲကို ဇန်နဝါရီ ၁၉ ရက် နံနက် ၉ နာရီက ဆီဆိုင်မြို့အခြေခံပညာအထက်တန်းကျောင်း ယုဇနခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဦးလုဝင်းက ဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများအား မိမိတို့၏အတွေ့အကြုံများကို ဆွေးနွေးကြရန်၊ အကျိုးရှိအောင်သင်ယူကြရန်တို့ကို အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဦးချစ်ရဲက ဆွေးနွေးပို့ချမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ အခြေခံပညာမူလတန်းအဆင့် Grade-5သင်ကြားသင်ယူမှု အရည်အသွေးမြင့်မားရေးဆွေးနွေးပွဲကို ဆီဆိုင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ မူလတန်းပြ ဆရာ၊ ဆရာမ ၆၀၀ ဦး တက်ရောက်ကြပြီး နည်းပြဆရာ၊ ဆရာမ ၄၂ ဦးက Grade-5 ဘာသာရပ်စုံဖြင့် ဇန်နဝါရီ ၁၆ ရက်မှ ၁၉ ရက်အထိ ၄ ရက်ကြာ ဆွေးနွေးပို့ချပေးခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**(အောက်ပုံ)(မန္တလေးနေ့စဉ်-၂)**






# လူထုအခြေပြုဗဟိုဌာန၌ လူငယ်စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ပျဉ်းမနား ဇန်နဝါရီ ၂၀**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(Community Centre)၌ Youth Club အဖွဲ့ဝင်လူငယ်များ၏ လူငယ်စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က လူထုအခြေပြုဗဟိုဌာန(Community Centre) လုပ်ငန်းများဆောင်ရွက်မှုနှင့် လူငယ်စာဖတ်ဝိုင်းဆွေးနွေးပွဲများ ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စာဖတ်ဝိုင်းသို့ တက်ရောက်လာကြသော လူငယ်များက အလုပ်ဆိုတာ အင်အားပါ၊ အလုပ်တွင်ကျယ်စေချင်ရင် လူရောစိတ်ပါ ကျန်းမာစေဖို့လိုပါတယ်။ အလုပ် လုပ်တဲ့နေရာမှာ စေတနာပါပါစေ။ အလုပ် လုပ်တဲ့နေရာမှာ အဆိုးမြင်စိတ်မလွှမ်းကဲပါစေနဲ့။ အလုပ်လုပ်တဲ့နေရာမှာ အောင်မြင်ချင်ရင် ဖွဲ့သတ္တိကို အထူးမွေးမြူပါ။ အလုပ်ဆိုတာ လူ့စိတ်ကိုရင့်ကျက်စေနိုင်ပါတယ်။ အလုပ် လုပ်တဲ့နေရာမှာ လျော့ရဲရဲမဖြစ်စေနဲ့၊ အလုပ် လုပ်တဲ့နေရာမှာ ခြသေ့စိတ်ထားပါ စသည့် ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးကြသည်။

ထို့နောက် စာဖတ်ဝိုင်းသို့ တက်ရောက်လာကြသော စာရေးဆရာ၊ စာရေးဆရာမများက Youth Club အဖွဲ့ဝင်လူငယ်များ၏ ဆွေးနွေးမှုများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**မြို့နယ်(ပြန်/ဆက်)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## သံသရာဝဲဂယက် ရှန်းကန်ထွက်

* သတ္တဝါအများ ဝင့်ဒုက္ခနှင့်
ကြုံကြရ သံသရာ
လည်ပတ်လျက်သာ။
ဝင့်ဆင်းရဲက လွတ်လမ်းရှာ
အကောင်းအဆိုးအလွှာ မျှဝေခင်း။
တရားခင်မျှော် ထောက်ရှုကာပ
သိမှုဉာဏ်လင်း။

* အကြောင်းအကျိုးပေါ် မေတ္တာနင်းလို့
အတ္တကင်း စိတ်ရည်ကြံ
ချမ်းသာခြင်းအမှန်။
တည်ဘဝ ကြမ္မာဖန်
ပဲ့တင်ပြန် ဖြစ်စဉ်အမြဲ။
သုခနဲ့ ဒုက္ခတောမှာလ
မျောလို့နေဆဲ။

* တစ်ခဏတည် ဘဝထဲမှာလ
သိဉာဏ်ကဲ သဒ္ဓါခင်
ကောင်းရာလမ်းထွင်။
နိဗ္ဗာန်လမ်း ကျင့်လှမ်းအစဉ်
စိတ်ဘဝင် ဖယ်ခွာချ။
လူ့သံသရာ ဝဲဂယက်ရယ်မှ
ရှန်းကန်ထွက်ကြ။ ။

**မင်းမြတ်မိုး(မန်းမြေ)**



# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## The Fiery Priest Season 2 ဒရမ်မာဆုပေါင်း ဆယ်ဆုရရှိထား

အက်စ်ဘီအက်စ် ဒရမ်မာ ဆုပေးပွဲတွင် The Fiery Priest



အပိုင်းတစ်က ဆုပေါင်းရှစ်ဆု ရရှိခဲ့ပြီး အပိုင်းနှစ်မှာ ဆုပေါင်းဆယ်ဆုအထိ ရရှိထားသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားနှင့်အနုပညာအဖွဲ့သားများအားလုံး ၂၀၁၉ ခုနှစ် အက်ဘီအက်စ်ဒရမ်မာဆုပေးပွဲတွင် ဆုံခဲ့ကြပြီး ၂၀၂၄ ခုနှစ်တွင်လည်း ထပ်မံ၍ စုံညီစွာ တွေ့ကြရကာ အဓိကမင်းသား ကင်နမ်ဂျီ၏ သရုပ်ဆောင်စွမ်းရည်ကို ပရိသတ်အားပေးမှုများပြားခဲ့သည်။

ယင်းဇာတ်ကားထုတ်လွှင့်မှု ဇာတ်သိမ်းခန်းမတိုင်မီပင် ချန်နယ်အားလုံးအစီအစဉ်တွင် ပထမနေရာရပ်တည်နိုင်ခဲ့ပြီး လူကြိုက်များ အားပေးမှုရရှိထားရာမှ အနုပညာထူးချွန်ဆုများစွာကို ရရှိခဲ့၍ စံချိန်တင်စာရင်းဝင်ခဲ့သည်။

မင်းသား ကင်နမ်ဂျီသည် ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာ လူမှုရေးထူးချွန်မှုဆုလည်း ရရှိထားသူဖြစ်ကာ သရုပ်ဆောင်ထူးချွန်ဆုများစွာနှင့် အလှူအတန်းလည်း ရက်ရောသူဖြစ်ပြီး လူမှုအကျိုးပြုလုပ်ငန်းများ လုပ်ကိုင်နေသူလည်း ဖြစ်သည်။

(SKY)



## နှုတ်ခမ်းတွင် အနာဖြစ်စေသော ပိုးရပ်စ်ပိုးမွှားကူးစက်ခံရခြင်းနှင့် အယ်လ်ဇိုင်းမားရောဂါတို့အကြား ပတ်သက်ဆက်နွှယ်မှုရှိနေ

အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့တော်ရှိ ဟီးဘရူးတက္ကသိုလ်ဆေးဖက်ဆိုင်ရာကျောင်းမှ ဒေါက်တာအော်ရှေမက်ရှ် ဦးဆောင်သော သုတေသီများသည် အယ်လ်ဇိုင်းမားရောဂါဖြစ်စေတတ်သော အကြောင်းအရင်းများကို အစဉ်တစိုက် သုတေသနပြုလေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာမှ နှုတ်ခမ်းတွင် အနာဖြစ်စေသော ဗိုင်းရပ်စ်ပိုးမွှားကူးစက်ခံရခြင်းနှင့်အယ်လ်ဇိုင်းမားရောဂါတို့အကြား ပတ်သက်ဆက်နွှယ်မှုရှိနေကြောင်း မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

အဆိုပါသုတေသီများသည် အိတ်ချ်အက်စ်ဗွီ ၁ ဟု အမည်ပေးထားသော ဗိုင်းရပ်စ်ပိုးမွှား ကူးစက်ခံရပြီးနောက် နှုတ်ခမ်းတွင် အနာပေါက်လာပြီး ထိုအနာကို အခြေအနေဆိုးရွားမလာစေရန် တားဆီးသော ပရိုတိန်းများကို ဦးနှောက်ထဲမှ ပို့လွှတ်ပေးရသဖြင့် ဦးနှောက်အကာအကွယ်မဲ့ဖြစ်သွားရာမှ အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားရသော ဆက်စပ်မှုကို ဖော်ထုတ်နိုင်ခဲ့ခြင်း ဖြစ်သည်။

ယင်းလေ့လာတွေ့ရှိမှုသည် အနာဂတ်တွင် အယ်ဇိုင်းမားရောဂါကို တားဆီးကာကွယ်နိုင်မည့် နည်းလမ်းအဖြစ် အသုံးပြုရာ၌ အရေးပါလာဖွယ်ရှိကြောင်း သိရသည်။ Mon

## Dead Talents Society က ထိုင်ဝမ်မှ ရွှေမြင်းအကယ်ဒမီဆုပေးပွဲတွင် ငါးဆုရရှိ

ရွှေမြင်းအကယ်ဒမီဆုပေးပွဲသည် ပြည်မကြီးမှ သရုပ်ဆောင်များအတွက် တရုတ်ဘာသာစကားပြော ရုပ်ရှင်လောက၌ နိုင်ငံတကာအထိ ထင်ရှားဂုဏ်သတင်းကြီးမားခဲ့ကာ ၂၀၂၄ ခုနှစ်တွင် Dead Talents Society က နည်းပညာဆိုင်ရာ ဆုငါးဆုဆွတ်ခူးရရှိခဲ့၍ နားမလည်နိုင်ဖြစ်ခဲ့ကြရကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

၂၀၁၈ ခုနှစ်မှစ၍ ခြောက်နှစ်တာ ရပ်နားထားသည့် ရွှေမြင်းအကယ်ဒမီဆုပေးပွဲကို (၆၁)ကြိမ်မြောက် ကျင်းပခဲ့ရာ ပြည်မကြီး ဒါရိုက်တာသုံးဦးဖြစ်သည့် လောင်ရီ၊ ဝမ်ရှောင်ရှိန်၊ ဝေါင်ပျွန်တို့က အကောင်းဆုံးရုပ်ရှင်ဆု၊ ဒါရိုက်တာဆု၊ ဇာတ်ညွှန်းဆုနှင့် သရုပ်ဆောင်ဆုများ ရရှိခဲ့ကြသည်။




အဆိုပါ ရွှေမြင်းအကယ်ဒမီဆုတွင် ထိုင်ဝမ်မှ နည်းပညာဆိုင်ရာ ငါးဆုကို Dead Talents Society က ဆွတ်ခူးရရှိခဲ့ခြင်းအပေါ် ပရိသတ်များက နားမလည်နိုင်ဖြစ်ခဲ့ကြသည်ကို တွေ့ရသည်။ (SKY)



## Mariah Carey ၏ Baby Please Come Home (Christmas) သီချင်းကောင်းစာရင်းဝင် ဖြစ်

ဟောလိဝုဒ်ဂီတအနုပညာရှင်များ၏ သီချင်းကောင်းစာရင်းတွင် မာရီယာကာရေး၏ Baby Please Come Home (Christmas) သီချင်းလည်း စာရင်းဝင်ခဲ့သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ စာရင်းဝင်သီချင်းများကို ပရိသတ်အားပေးမှုနှင့် စာရင်းကောက်ခံ၍ သီချင်းကောင်းအဖြစ် ဖော်ပြပေးထားရာ တေလာဆွတ်၏ Christmas Tree Farm, Last Christmas၊ ဂျက်စတင်ဘီဘာ၏ Mistletoe, Drummer Boy၊ ဆာဘီယာကာပန်တာ၏ Have Youself a Merry Little Christmas၊ မာရီယာကာရေး၏ All I Want for Christmas is You နှင့် Baby Please Come Home (Christmas) တို့ ပါဝင်ကြသည်။

ဆီအာ၊ မိုက်ကယ်ဘာဘယ်၊ အာရီနာဂရန်တာတို့၏ သီချင်းများလည်း တစ်လအတွင်း နားဆင်သူများပြားသည့် သီချင်းကောင်းစာရင်းတွင် ပါဝင်ထားကြသည်။ (SKY)

0-0-0-0-0-0-0

## Meng ZiYi ၏ Blossom ဇာတ်ကား ဇာတ်လမ်းဆု ရရှိထား

တရုတ်အနုပညာလောကမှ တန်ဆက်၏ အောင်မြင်မှုတစ်ခုဖြစ်ခဲ့သည့် Blossom တွင် မင်းသမီး မြောင်ဇီရီ ပါဝင်ထားပြီး နှစ်ကုန်ဆုပေးပွဲတွင် The Dark Horse Drama of the Year ဇာတ်လမ်းဆု ရရှိထားကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ Dark Horse ဆုသည်မှာ ကြီးမားသော အကျိုးအမြတ်များ ရရှိခြင်းဖြစ်ပြီး မင်းသမီးမြောင်ဇီရီနှင့် မင်းသားလီယန်ရှူတို့ အဓိကပါဝင်ထားကာ နှင်းတဖွဲဖွဲကြားမှ လူနှစ်ဦး၏ အချစ်ကို တင်ပြထားခြင်းဖြစ်သည်။

ကျစ်လျစ်သော ရိုက်ကူးမှု၊ ကင်မရာအယူအဆ ကောင်းမွန်မှု၊ ဇာတ်ညွှန်းပိုင်းဆိုင်ရာ ပြည့်စုံမှုတို့အကြောင်း ယင်းဇာတ်ကားသည် 2024 Dumou Entertainment Conference and Good Show Audience Selection Event နှစ်ကုန်ဆုပေးပွဲတွင် ဇာတ်လမ်းဆုကို ဆွတ်ခူးရရှိခဲ့သည်။

မြောင်ဇီရီကို The Untamed နှင့်ပရိသတ်များ အားပေးထားကြရာ တည်ငြိမ်အေးဆေးသော အလှနှင့် သူ၏သရုပ်ဆောင်စွမ်းရည်ကြောင့် အနုပညာလောကတွင် နေရာတစ်ခုရရှိထားသည်။

(SKY)




## Chae Soobin က ကျော်ကြားသော အနုပညာရှင်ဖြစ်လာ

ကုန်လွန်ခဲ့သော နှစ်တစ်နှစ်အတွက် ပထမပိုင်းတွင် ကျော်ကြားသော အနုပညာရှင်မှာ ကင်ဂျီဝမ်ဖြစ်ခဲ့ပြီး နောက်ပိုင်းကာလတွင် ချာဆူဘင်းက သိမ်းပိုက်ရယူထားသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

စတားရှစ်အင်တာတိန်းမင့်နှင့်လက်တွဲထားသော ချာဆူဘင်းသည် When the Phone Rings ဇာတ်ကောင်နှင့်လိုက်ဖက်ကာ လူကြိုက်များကျော်ကြားမှုရရှိနေပြီး ဇာတ်ရုပ်နှစ်မျိုးနှင့် မြင်တွေ့ကြရသည်။



ချာဆူဘင်းသည် လီမင်ဟို၊ အန်ဟိုဆွတ်တို့နှင့်အတူ Omaiscient Reader's Viewpoint တွင်လည်း အဓိကသရုပ်ဆောင်အဖြစ် ပါဝင်ထားကာ အတက်အကျမရှိ အနုပညာလောကတွင် ပုံမှန်ရိုက်ကူးရေး လုပ်ဆောင်နေရပြီး ပရိသတ်ကြား ရေပန်းစားနေ၍ ကျော်ကြားသော အနုပညာရှင်တစ်ဦးဖြစ်လာခဲ့သည်။

(SKY)

## Keanu Reeves က John Wick 5 ကို ကျန်းမာရေးအခြေအနေကြောင့် ရိုက်ကူးရန် မသေချာဟု ဆို

ကီနူးရိဗ်ပါဝင်ထားသည့် John Wick 4 မှာ အောင်မြင်မှုရရှိခဲ့ပြီးနောက် အပိုင်းငါးအတွက် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြရာမှ ကျန်းမာရေးအခြေအနေကြောင့် ရိုက်ကူးနိုင်ရန် မသေချာဟု ကီနူးရိဗ်က Empire မဂ္ဂဇင်းအင်တာဗျူးတွင် ပြောကြားထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားအပိုင်းငါး ထပ်မံထွက်ရှိရန် ဇာတ်လမ်းတည်ဆောက်နေဆဲ အနေအထားရှိကြောင်း ၂၀၂၃ခုနှစ် မေလတွင် ကျင်းပသည့် Lionsgate ကုမ္ပဏီ ဥက္ကဋ္ဌက အတည်ပြုပေးထားရာ ကီနူးရိဗ်မှာ ရုပ်ပိုင်းဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများစွာ ဖြစ်ခဲ့ပြီး အထူးသဖြင့် ဒူးခေါင်းဒဏ်ရာပိုဆိုးလာ၍ ရိုက်ကူးရန် အခက်အခဲဖြစ်ပေါ်နေသည်။



ကီနူးရိဗ်နှင့် အင်ပါယာမဂ္ဂဇင်းအင်တာဗျူးတွင် ဒူးခေါင်းဒဏ်ရာခွဲစိတ်မှုခံယူရမည်ဖြစ်ပြီး John Wick 5 ရိုက်ကူးရန် အဆင်သင့်မဖြစ်သေး၍ ကျန်းမာရေးဦးစားပေးရမည်ဟုဆိုကာ CBS News အင်တာဗျူးတွင်လည်း ယခုအချိန်တွင် ပွန်ဝစ်ခ်ထပ်ရိုက်ကူးရန် ဒူးအဆင်မပြေသေးကြောင်း ပြောကြားထားသည်။

(SKY)

# ဆောင်းရာသီ အပူကန်ခံတွင်းနာများအတွက် အိမ်တွင်းကုထုံး



ခန္ဓာကိုယ်တွင်း အပူဓာတ်များသူတွေနဲ့ ဝမ်းချုပ်၊ ဝမ်းပုပ်ရှိသူများအဖို့ ဆောင်းရာသီ ရောက်ရင် အပူကန်ခံတွင်းနာ ဖြစ်လေ့ရှိပါတယ်။ ထိုသို့ဖြစ်ရခြင်းက ဆောင်းရာသီမှာ ပြင်ပက အေးမြခြောက်သွေ့သောဓာတ်နဲ့ ခန္ဓာကိုယ်တွင်းက အပူဓာတ်တို့ တွန်းကန်ကြခြင်းရဲ့ ပြယုဂ်ဖြစ်ပါတယ်။ ထို့နောက်မှာတော့ နှုတ်ခမ်းအတွင်းသား၊ လျှာအောက်ခြေနဲ့ နှုတ်ခမ်းအပေါ်တို့မှာ အပူကန်ခံတွင်းနာတွေ ထွက်လာပါတော့တယ်။

ဆေးသိပ္ပံနည်းအရ အပူကန်ခံတွင်းနာကို ယေဘုယျအားဖြင့် အောက်ပါအတိုင်း အဆင့် (၃)ဆင့် ခွဲခြားသတ်မှတ်ထားပါတယ်။


* အသေးစား အပူကန်နာက ရာသီဥတု အပြောင်းအလဲမှာ ဖြစ်လေ့ရှိပြီး ပျမ်းမျှ ရက်သတ္တပတ် သို့မဟုတ် ဆယ်ရက် လောက်အကြာမှာ သူ့အလိုလို ပျောက်သွားတတ်ပါတယ်။
* အကြီးစား အပူကန်နာက ရံဖန်ရံခါ မှဖြစ်တတ်ပြီး သူက အသေးစားအနာ ထက်ပိုကြီးကာ ပိုလည်းနာကျင်လေ့ ရှိပါတယ်။ ၎င်းကို ဆေးသိပ္ပံနည်းအရ Stomatitis အနာလို့ ခေါ်ပါတယ်။
* Herpetiform Ulcers (ခေါ်)ရေယုန်နာတစ်မျိုးကတော့ ကူးစက်ရောဂါပိုးကြောင့်ဖြစ်လာကာ အလွန်နာကျင်ယားယံလေ့ ရှိပါတယ်။

အပူကန်ခံတွင်းနာ ရောဂါလက္ခဏာများမှာ ခံတွင်းထဲ ယားယံခြင်း၊ နီရဲရောင်ကိုင်းလာခြင်း၊ သွားတိုက်တဲ့အခါ(သို့မဟုတ်)အစာဝါးတဲ့အခါ နာကျင်ခြင်း၊ အစားစားချင်စိတ်မရှိခြင်း စသည်တို့ ဖြစ်ပါတယ်။ ရောဂါဖြစ်ရတဲ့အဓိက အကြောင်းရင်းမှာ ရာသီဥတု ရုတ်တရက်ပြောင်းလဲလာခြင်းကြောင့် ခန္ဓာကိုယ်တွင်း အပူအအေးဓာတ် ဖောက်ပြန်လာခြင်းဖြစ်၍ ရာသီနာဖြစ်လို့ မစိုးရိမ်ရဘဲ ရေဝဝသောက် ဝမ်းနှုတ်ဆေးစားလိုက်ရုံနဲ့ သူ့အလိုလို အနာပျောက်ကင်းသွားပါတယ်။ ခံတွင်းသန့်ရှင်းမှုအားနည်းခြင်း၊ မတော်တဆ သွားနဲ့ကိုက်မိခြင်း၊ ကူးစက်ရောဂါရခြင်း၊ သွားတိုက်စဉ် ထိခိုက်မိခြင်း စသည်တို့ကြောင့်လည်း ခံတွင်းနာ ဖြစ်တတ်ပါတယ်။ ဒါတွေက အပြင်ပယောဂကြောင့်ဖြစ်၍ ဆင်ခြင်သတိထားရုံဖြင့် အဆင်ပြေပါမယ်။

**အပူကန်ခံတွင်းနာများအတွက် အိမ်တွင်းကုထုံး**

အောက်ဖော်ပြပါ လွယ်ကူမြန်ဆန် အိမ်တွင်းကုထုံးလေးများက ဆောင်းရာသီ အပူကန်ခံတွင်းနာများအတွက် လွန်စွာကောင်းကျိုးပြုပါတယ်။

* အုန်းနို့ရည်က ခံတွင်းအပူကန်နာများနဲ့ ခံတွင်းနာအမျိုးမျိုးတို့အတွက် လွန်စွာ ဆေးဖက်ဝင်ပါတယ်။ အုန်းသီးကို ညှစ်၍ ရလာသော အုန်းနို့ လတ်လတ်ဆတ်ဆတ်ဖြင့် တစ်နေ့ ငါးကြိမ်လောက် ပလုတ်(အာလုပ်) ကျင်းပေးပါ။
* တရုတ်နံနံပင် လတ်လတ်ဆတ်ဆတ်ကိုပြုတ်၍ ခပ်နွေးနွေးအနေအထားမှာ တစ်နေ့ ငါးကြိမ်လောက် ပလုတ်(အာလုပ်) ကျင်းပေးပါ။
* တိုင်းရင်းဆေးသမားတော်ကြီးများ၏ အဆိုအမိန့်အရ ပင်စိမ်းရွက်က ခံတွင်းပူနာများအတွက် အကောင်းဆုံးဆေးမြီးတိုလေး ဖြစ်ပါတယ်။ ပင်စိမ်းရွက် လတ်လတ်ဆတ်ဆတ် ခြောက်ရွက်ခန့်ကို တစ်နေ့ လေးကြိမ်မျှ ဝါးစားပြီး ရေသောက်ပါ(သို့မဟုတ်)ပဲနံ့သာပင်အစေ့နဲ့ ပင်စိမ်းရွက်တို့ကို ရော၍ဝါးစားပေးပါ(သို့မဟုတ်) ထိုနှစ်မျိုးကိုပြုတ်၍ ရလာသော ပြုတ်ရည်နွေးနွေးဖြင့် တစ်နေ့ လေးကြိမ်လောက် ပလုတ်(အာလုပ်) ကျင်းပေးပါ။ (ပဲနံ့သာပင်အစေ့ကို အိန္ဒိယပရဆေးဆိုင်တွေမှာ ရရှိနိုင်ပါတယ်။)
* ခံတွင်းအပူနာများအတွက် အနီရောင် ခရမ်းချဉ်သီး လတ်လတ်ဆတ်ဆတ်ကို အစိမ်းလိုက်ဝါးစားပေးပါ(သို့မဟုတ်)ခရမ်းချဉ်သီး သတ္တုရည်ဖြင့် အပူနာတို့ကို လိမ်းပေးပါ။
* နနွင်းမှုန့် နှစ်ဆကို အလှူဆီရည် တစ်ဆနဲ့ ခပ်ပျစ်ပျစ်ရောနယ်ပြီး ခံတွင်းနာပေါ် လိမ်းပေးပါ(သို့မဟုတ်)နနွင်းမှုန့် လက်ဖက်ရည်ဇွန်း တစ်ဇွန်းပမာဏကို ပျားရည်စစ်စစ် ဇွန်းဝက်ခန့်မျှ ရောနယ်ပြီး ခံတွင်းနာပေါ်လိမ်းပေးပါ။ (အလှူဆီရည်ကို အလှကုန်ဆိုင်တွေမှာ အလွယ်တကူ ရရှိနိုင်ပါတယ်။)




* ဆီးဖြူသီးကို အစေ့ဖယ်ကျိတ်ချေ၍ ရလာတဲ့ ဆီးဖြူသီးသတ္တုရည်က အပူကန်ခြင်းကြောင့်ဖြစ်လာတဲ့ ခံတွင်းနာများကို အမြန်ဆုံးသက်သာစေတာကြောင့် ၎င်းသတ္တုရည်ဖြင့် တစ်နေ့ နှစ်ကြိမ်ကျ လိမ်းပေးပါ။
* ရေခပ်နွေးနွေး ထည့်ထားသော ဖန်ခွက်ထဲကို ဆား စားပွဲတင်ဇွန်း တစ်ဇွန်းရော၍ ၂၅ စက္ကန့်လောက် ခံတွင်းထဲ ငုံထားပါ။ ပြီးမှ ထွေးထုတ်ပါ။ ဒီနည်းက အနာရောင်ကိုင်းခြင်းကို သက်သာစေတဲ့အပြင် ပိုးမဝင်အောင်လည်း အထောက်အကူဖြစ်စေပါတယ်။
* လက်ဖက်ရွက်အဆီ( Tea Tree Oil)ကို အပူကန်နာပေါ် အသာအယာ ပွတ်လိမ်းပေးခြင်းဖြင့် နီရဲရောင်ကိုင်း နာကျင်ခြင်းကို လျော့ပါးသွားစေပါတယ်။ (Tea Tree Oil တွေကို ကုန်တိုက်ကြီးများရှိ အလှကုန်ပစ္စည်းကောင်တာမှာ ရရှိနိုင်ပါတယ်။)
* Cranberry (ခေါ်) အနီရောင်အချဉ်သီးဖျော်ရည်လေးက အပူကန်ခံတွင်းနာခြင်းတွေကို အချိန်တိုအတွင်းမှာ ပျောက်ကင်းသွားစေနိုင်တာကြောင့် Cranberry သီးဖျော်ရည် ငုံပေးပါ။ (အသင့်သောက် Cranberry သီးဖျော်ရည်ဘူးလေးတွေကို ကုန်တိုက်ကြီးများရှိ အချိုရည်ကောင်တာမှာ ရရှိနိုင်ပါတယ်။)
* ရေအေးနဲ့ ရေခပ်နွေးနွေးတို့ကို တစ်လှည့်စီ အာလုပ်(ပလုတ်)ကျင်းပါ။ လတ်ဆတ်တဲ့ နွားနို့အစိမ်း(သို့မဟုတ်) အုန်းစိမ်းရည်တို့ဖြင့် တစ်နေ့ လေးကြိမ်လောက် အာလုပ်(ပလုတ်)ကျင်းပါ။
* အပူကန်နာအပေါ် ရေခဲတုံးကပ်ပေးခြင်းက နာကျင်မှုကို သက်သာစေတဲ့အပြင်၊ ရောင်ကိုင်းခြင်းတို့ကိုပါ ပြေလျော့သွားစေပါတယ်။
* အပူကန်နာများအတွက် ရှားစောင်းလက်ပပ်က လွန်စွာကောင်းကျိုးပြုပါတယ်။ ရှားစောင်းလက်ပပ်အနှစ်(ဂျယ်လီ) စားပွဲတင်ဇွန်း နှစ်ဇွန်းကို ခံတွင်းအနာပေါ် အုံပေးလိုက်ရုံပါပဲ။
* အစိမ်းရောင် ဟင်းသီးဟင်းရွက်များ ဥပမာ ဟင်းနုနယ်၊ ကန်စွန်းရွက်၊ ပဲသီး(ခေါ်) ပဲတောင့်ရှည်၊ ပဲစောင်းလျားသီး စတာတွေကို ကြက်သွန်နီ များများထည့်၍ သုပ်စားခြင်းက အပူကန်ခြင်းကြောင့် ဖြစ်တဲ့ ခံတွင်းနာတွေကို သက်သာစေပါတယ်။
* ဗီတာမင်စီပေါကြွယ်ဝတဲ့ ဒိန်ချဉ်က သွားဖုံးနဲ့ ခံတွင်းနာအမျိုးမျိုးတို့အတွက် အကောင်းဆုံး ဆေးတစ်ခွက်ပါပဲ။
* ပင်စိမ်းရွက်အဆီကို အနာပေါ်သို့ ခပ်ဖွဖွ စိမ့်ဝင်အောင် မကြာမကြာ လိမ်းပေးခြင်းဖြင့် ထိုအပူနာ ရောင်ကိုင်း၍ နာကျင်ခြင်းတို့ကို ကောင်းစွာ ကုသပေးနိုင်ပါတယ်။
* နွယ်ချိုနဲ့ သလဲသီးတို့ကလည်း အပူကန်ခြင်းကို ကုသပေးနိုင်ပါတယ်။ ၎င်းတစ်မျိုးစီကို စား၍သော်လည်းကောင်း၊ တစ်မျိုးစီကို ခံတွင်းအနာပေါ်သို့ အုံပေး၍သော်လည်းကောင်း သို့မဟုတ် ၎င်းနှစ်မျိုးစလုံးကို ခပ်ပျစ်ပျစ်ရောနယ်၍ ခံတွင်းအနာပေါ် အုံပေး၍သော်လည်းကောင်း စသဖြင့် အဆင်ပြေသလို ပြုလုပ်ပေးပါ။
* အပူရှပ်၍ ဖျားချင်ချင်ခံစားနေရသူများအတွက် ကြံရည်က ကိုယ်တွင်းအပူငြိမ်းစေပြီး ပရိုတင်းအားဖြည့်ဓာတ်စာအဖြစ် အသုံးဝင်ပါတယ်။ ဒါ့ပြင် ခံတွင်းထဲမှာ ကြံရည်ငုံပေးခြင်း အပူနာတွေကို အချိန်တိုအတွင်းမှာ ချုပ်ရပ်သွားစေနိုင်ပါတယ်။

အထက်ဖော်ပြပါ အိမ်တွင်းကုထုံးလေးတွေက ခံတွင်းအပူကန်နာဖြစ်ခြင်းကို ရက်သတ္တပတ် သို့မဟုတ် အလွန်ဆုံး ၁၀ ရက်အတွင်းမှာပင် ပျောက်ကင်းသွားစေပါတယ်။ အကယ်၍ ကုထုံးလေးတွေ သုံးနေတာတောင် ၁၀ ရက် ကြာသည်အထိ မပျောက်တဲ့အပြင် အခြေအနေပိုဆိုးလာပါက ဆရာဝန်နဲ့ဆေးကုသမှု ခံယူသင့်ပါတယ်။ အကယ်၍ ရာသီဥတုပြောင်းလဲခြင်းကြောင့် မဟုတ်ဘဲ ဇင့်ဓာတ်၊ သံဓာတ်၊ ဗီတာမင်စီ၊ ဗီတာမင်ဘီ-၁၂ စသည်တို့ ချို့တဲ့ခြင်း၊ အစာဓာတ်မတဲ့ခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ ဟော်မုန်းမျှတမှုမရှိခြင်း စသည်တို့နှင့် ပတ်သက်ဆက်နွယ်နေမှု အခြေအနေများကို ဆရာဝန်က ဆန်းစစ်ကုသပေးပါလိမ့်မယ်။ 'အပ်နဲ့ထွင်းရမယ့်အနာကို ပေါက်ဆိန်နဲ့ ထွင်းမခံရလေအောင်' ကျန်းမာရေး အမြင်ရှိဖို့ လိုပါကြောင်း။

စေတနာများစွာ

**တင်ထက်ထက်ဇော်**

## စာဖတ်ရှိန်မြှင့်တင်ရေးနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ



**မန္တလေး ဇန်နဝါရီ ၂၀**

မန္တလေး၊ မဟာအောင်မြေ မြို့နယ်၊ မန္တလာနယ်လ်ဆင်ကိုယ်ပိုင်အထက်တန်းကျောင်း၌ ယမန်နေ့ နံနက် ၁၁ နာရီက စာဖတ်ရှိန်မြှင့်တင်ရေးနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ကျင်းပသည်။

ရှေးဦးစွာ မဟာအောင်မြေ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက အနာဂတ်လူငယ်မျိုးဆက်သစ်များကို အခြေခံပညာအရွယ်ကစ၍ စာဖတ်သည့် အလေ့အထနှင့် အလေ့အကျင့်ကောင်းများ ရရှိလာစေရန်၊ စာအုပ်များနှင့် ရင်းနှီးကျွမ်းဝင်မှုရှိလာပြီး စာပေတွင် မွေ့လျော်ကာ မိမိတို့၏ကိုယ်ပိုင်အချိန်များကို အကျိုးရှိစွာ အသုံးချတတ်လာစေရန်၊ အခြေခံပညာမှ အဆင့်မြင့်ပညာအထိ အတန်းစဉ်အလိုက် ဘက်စုံထူးချွန်ထက်မြက်သည့် ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်လူရွယ်များ ပေါ်ထွက်လာစေရန် ရည်ရွယ်ချက်များဖြင့် စာဖတ်ရှိန်မြှင့်တင်ရေးနှင့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲများကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဦးရိုးမွန်က လူငယ်နှင့်အားကစားခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်သွယ်က စာဖတ်ခြင်း၏ အကျိုးကျေးဇူးများနှင့် ပညာ၏တန်ဖိုးအကြောင်းကိုလည်းကောင်း အသီးသီး ဟောပြောသည်။ ထို့နောက် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ တိုက်ကွမ်ဒို သရုပ်ပြတင်ဆက်ခဲ့သည်။

ထို့နောက် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာပေးနံရံကပ်ပြဘုတ်များနှင့် သုတ၊ရသစာအုပ်များကို စိတ်ပါဝင်စားစွာဖြင့် လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (ဝ၅၆)



## (၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ကြီးမြို့နယ်၊ ဘုရားငါးဆူကျေးရွာ အရဏ်သစ် စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ

**တောင်ကြီး ဇန်နဝါရီ ၂၀**

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၇ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်၊တောင်ကြီးမြို့နယ်၊ဘုရားငါးဆူကျေးရွာ အရဏ်သစ် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၆ ရက် နံနက် ၈ နာရီက အဆိုပါစာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အရဏ်သစ် စာကြည့်တိုက်အား ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဖံနှင့် တောင်ကြီးခရိုင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အရဏ်သစ်စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုခဲ့သည်။

ထို့နောက် အခမ်းအနားဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ပြည်နယ်စီးပွားရေးရာဝန်ကြီးက အမှာစကားပြောကြားရာ၌ ကျေးလက်ဒေသတွင် နေထိုင်ကြသည့် ပြည်သူများအနေဖြင့် အသိပညာဗဟုသုတများကို လွယ်ကူစွာ ဖတ်ရှုလေ့လာနိုင်စေရေး၊ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရေးတို့အတွက် ယခုကဲ့သို့ ကျေးရွာစာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်ပေးနေခြင်းဖြစ်ကြောင်း၊ စာကြည့်တိုက် ရေရှည်ရှင်သန်ခိုင်မာဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျေးရွာစာကြည့်တိုက်ကော်မတီများ၊ ဒေသနေပြည်သူများနှင့် စေတနာရှင်အလှူရှင်များက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်စီးပွားရေးရာဝန်ကြီးက စာကြည့်တိုက်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းပြီး စာကြည့်တိုက်အဆောက်အအုံမှတ်တမ်းအား မြို့နယ်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။ ဆက်လက်၍ အရဏ်သစ်စာကြည့်တိုက်အတွက် စာအုပ်စာစောင်နှင့် အလှူငွေများ ပေးအပ်လှူဒါန်းရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်ဥပဒေချုပ်က လက်ခံရယူပြီး ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးခွန်သိန်းထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ အရဏ်သစ်စာကြည့်တိုက်ကို မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ၏ ပံ့ပိုးငွေကျပ်သိန်း ၁၅၀အပြင် ဒေသခံပြည်သူများ၏ ထည့်ဝင်လှူဒါန်းငွေများဖြင့် တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ) (၃၆၈)

## ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ဘိုယားတာပံရေဖြင့် နွေစပါး ဧက ၄၀ ကျော်စိုက်ပျိုးမည်

**ကျွန်းလှ ဇန်နဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ဘိုယားတာပံရေဖြင့် နွေစပါးဧက ၄၀ ကျော် စိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ် ဘိုယားတာပံအောက်ဘက်ရှိ လယ်မြေဧက ၄၀ ကျော်ကို ရေသွယ်စနစ်နဲ့ နွေစပါးစိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ နွေစပါးစိုက်မယ့် လယ်မြေတွေကို ထယ်ထိုးထွန်ယက်ပြင်ဆင်ပြီးဖြစ်ပါတယ်။ စိုက်ပျိုးရာမှာ မျိုးစေ့ချကိရိယာ (Seeder)၊ ပျိုးသက်နုကောက်ကွက်ကြဲ (SRI) စိုက်နည်းစနစ်တွေနဲ့ စိုက်ပျိုးပြီး စိုက်နည်းစနစ်မှန်ကန်ဖို့ နည်းပညာပေးသွားမည်ဖြစ်ပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါ နွေစပါးစိုက်ပျိုးသော တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်း မျိုးသန့်စပါးမျိုးများ ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ အချိုးကျရောစပ်ပြီး အချိန်ကိုက်သုံးစွဲရေးနှင့်၊ စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ ကွင်းဆင်းအသိပညာပေးသွားမည် ဖြစ်သည်။



ကျွန်းလှမြို့နယ်တွင် ၂၀၂၄ - ၂၀၂၅ ခုနှစ်၊ နွေစပါးစိုက်ပျိုးရန် ၁၆၆ ဧက လျာထားကြောင်း၊ ဒေသရာသီဥတုနှင့် ကိုက်ညီပြီး သက်တမ်းတိုအရည်အသွေးကောင်း အထွက်နှုန်းကောင်း ရွှေမနော် စပါးမျိုး စိုက်ပျိုးကြကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(ဝဲပုံ)

(၄၈၀)



## စာဖတ်ရှိန်မြှင့်တင်ရေး Mobile Library စနစ်ဖြင့် ရပ်ကွက်နေ ပြည်သူများထံ စာအုပ်စာစောင်များ အခမဲ့ငှားရမ်းပေး

**မိုင်းခတ် ဇန်နဝါရီ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ Mobile Library စနစ်ဖြင့် စာအုပ်စာစောင်များ အခမဲ့ငှားရမ်းပေးခြင်းနှင့် စာအုပ်များ အသစ်လဲလှယ်ပေးခြင်းကို အပတ်စဉ်ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက် ၁၀ နာရီခွဲက မိုင်းခတ်မြို့၊ အမှတ် (၁)ရပ်ကွက်နေ ပြည်သူများထံ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မိုင်းခတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက စာကြည့်တိုက်သို့ လာရောက်ငှားရမ်းရန်အခက်အခဲရှိနေသည့် စာဖတ်ပရိသတ်များအတွက် စာပေဖတ်ရှုမှုအဆင်ပြေစေရန်နှင့် အသိပညာဗဟုသုတများ တိုးပွားစေရန်ရည်ရွယ်၍ သုတ၊ရသစာအုပ်များကို ငှားရမ်းပေးလျက်ရှိရာ Mobile Library စနစ်ဖြင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများမှ ဝန်ထမ်းများ၊ အခြေခံပညာကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ၊ ရပ်ကွက်နေ ပြည်သူများအား စာအုပ်စာစောင်များ ငှားရမ်းပေးခြင်းနှင့် အသစ်လဲလှယ်ပေးခြင်းတို့ကို အပတ်စဉ်သောကြာနေ့တိုင်း ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

## အလုပ်အကိုင်အခွင့်အလမ်းရရှိရေး မိတ်ဆက်ဟောပြော

**မကွေး ဇန်နဝါရီ ၂၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန၊ သမဝါယမစာရင်းရေး၊ စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း (မကွေး)ရှိ ၂၀၂၄-၂၀၂၅ပညာသင်နှစ်၊ အောင်လက်မှတ်ရ သင်တန်းသားများအား အလုပ်အကိုင်အခွင့်အလမ်းရရှိရေး မိတ်ဆက်ဟောပြောပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၅ ရက်က အဆိုပါ သင်တန်းကျောင်းရှိ သီရိရတနာခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မိုးသီတာစိုးက အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ကျောင်းအုပ်ကြီး ဒေါ်စန္ဒာထွန်းက သင်ကြားမှုနှင့် တတ်မြောက်မှုအခြေအနေကို လည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် သင်တန်းသားတစ်ဦးမှ သင်ကြားတတ်မြောက်မှုအခြေအနေအပေါ် ရှင်းလင်းဆွေးနွေးခဲ့ပြီး ကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် သမဝါယမအသင်းများက အလုပ်အကိုင်ရရှိရေး ဆောင်ရွက်ပေးသွားမည့် ကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

အောင်ကို(ဖန်ခါးမြေ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **နိုင်ငံတစ်နိုင်ငံ၏အင်အားသည် ပညာပေါ်တွင် အခြေခံ...**

❖ **ဗလငါးတန်ပြည့်ဝပြီး အသိဉာဏ်ပညာပြည့်စုံသည့် ကျောင်းသား၊ ကျောင်းသူ လူငယ်များသည် နိုင်ငံ၏အင်အား၊ နိုင်ငံ၏ အနာဂတ်များဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄)ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသော တရားမဝင် အွန်လိုင်းလောင်းကစားမှုများအား နှိမ်နင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်

နေပြည်တော် ဇန်နဝါရီ ၂၀

ယခုလတ်တလောတွင် ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေအတွင်း တရားမဝင် အွန်လိုင်း လောင်းကစားအပါအဝင် ဒုစရိုက်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ ရွှေကုက္ကိုလ်နယ်မြေသည် ၂၀၁၆ ခုနှစ်ကတည်းကပင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အကြောင်းပြု၍ စီမံကိန်းတစ်ရပ်အဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် နောက်ပိုင်းတွင် မီဒီယာများမှ ဖော်ပြချက်များ၊ တရားမဝင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ဆိုသည့် သတင်းများကြောင့် စီမံကိန်း ဆက်လက်တည်ဆောက်ခြင်းအား ရပ်ဆိုင်းခဲ့သည့် ဒေသဖြစ်သည်။ အဆိုပါနယ်မြေအတွင်း၌ လက်နက်ကိုင်အဖွဲ့ပေါင်းစုံ လှုပ်ရှားနေထိုင်လျက်ရှိခြင်း၊ တရားဥပဒေစိုးမိုးရေး အဖွဲ့များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ အပြည့်အဝ စိုးမိုးအုပ်ချုပ်ရန် အခက်အခဲနှင့် ကန့်သတ်ချက်များရှိခြင်းတို့ကြောင့် နယ်မြေဒေသမတည်ငြိမ်မှုများ ဖြစ်ပေါ်လျက်ရှိသကဲ့သို့ ဆက်စပ်နေရာများမှ ကိုယ်ကျိုးစီးပွားရှာသူများ အနေဖြင့် အခွင့်ကောင်းရယူကာ အွန်လိုင်းလောင်းကစားအပါအဝင် ဒုစရိုက်မှုများကို ကျူးလွန်နေခြင်းဖြစ်သည်။

စာမျက်နှာ ၅ သို့ ■



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာပြီး အွန်လိုင်းလောင်းကစားမှုကျူးလွန်နေကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်စဉ်။

## သစ္စာအားမာန်အသင်းက ရောဝတီယူနိုက်တက်အသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရယူ

၂၀၂၄-၂၀၂၅ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၆)အဖြစ် ယနေ့ ညနေပိုင်းက ရောဝတီယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သစ္စာအားမာန်အသင်းက ရောဝတီယူနိုက်တက်အသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယခုပွဲစဉ်တွင် ရောဝတီယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ နှစ်သင်းစလုံး တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြသော်လည်း သစ္စာအားမာန်အသင်းက တိုက်စစ်မှူး နိုင်ဝင်းထွန်း၏ သွင်းဂိုးတစ်ဂိုးဖြင့် ရောဝတီယူနိုက်တက်အသင်းအား အနိုင်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

၂၀၂၄-၂၀၂၅ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၆)အထိ ကစားအပြီးတွင် သစ္စာအားမာန်အသင်းက ရမှတ် ၁၄မှတ်ဖြင့် အမှတ်ပေးဇယား အဆင့် ၉နေရာတွင် ရပ်တည်ပြီး၊ ရောဝတီယူနိုက်တက်အသင်းက ရမှတ် ၁၁မှတ်ဖြင့် အဆင့် ၁၀နေရာတွင် ရပ်တည်ခဲ့သည်။

သစ္စာအားမာန်အသင်းသည် ၂၀၂၄-၂၀၂၅ မြန်မာနေရှင်နယ်လိဂ် ပွဲစဉ်အဖြစ် လာမည့် ဇန်နဝါရီ ၂၇ရက်တွင် ဒဂုံစတားအသင်းနှင့် ထပ်မံယှဉ်ပြိုင်ကစားသွားရဦးမည်ဖြစ်ကြောင်း သိရသည်။ (NGB)

